SAMPLE BOOK

မင်းတိုင်ပင်အမတ်ကြီး


မဟာစမ္ပူသကြီး၏

# ဝေမှော်ပဒေသကျမ်း

ဒုတိယအကြိမ်


mgyone.com


mgyoe.com
























mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး
၄ ---၀ ကျပ်

အုပ်ရေ
၅၀၀ အုပ်

ဒုတိယအကြိမ်
၂၀၂၁ ခုနှစ်၊ ဇူလိုင်လ

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်၊
အမှတ် ၃၄၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်စုစုလှိုင် (၀၁၂၃၄)
စု-ပုံနှိပ်တိုက်၊
အမှတ် ၁၄-အေ၊ ၅၆ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ်
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

# ဓမ္မောပဒေသကျမ်း

မောင်းထောင် သာသနာပိုင်ဟောင်း
မင်းတိုင်ပင်အမတ်ကြီး
**မဟာဓမ္မသင်္ကြီ**

mgyoe.com

mgyoe.com SAMPLE BOOK

■

ပထမအကြိမ် ရိုက်စဉ်က တည်းဖြတ်ကာ အမတ်ကြီးရာဇသင်္ကြံအတ္ထုပ္ပတ္တိကို အထူးပြည့်စုံစွာ ရေးသားပြုစုခဲ့သော ဆရာကြီး 'ဝဏ္ဏကျော်ထင်-ဦးဘသန်း' ဂါရဝပြု မှတ်တမ်းတင်အပ်ပါသည်။ အဆက်အနွယ်များ ရှိပါက 'ပန်းရွှေပြည် စာအုပ်တိုက်' သို့ ဆက်သွယ်ကြစေလိုပါသည်။

ပထမအကြိမ်ကို ရန်ကုန်မြို့၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အမှတ် ၂၄၁၊ 'ရန်အောင် ပုံနှိပ်တိုက်' က ရိုက်နှိပ်သည်ဟု တွေ့ရပါသည်။ စာအုပ်တိုက်နှင့် ထုတ်ဝေကာလကို ဖော်ပြထားခြင်း မတွေ့ရပါ။

mgyoe.com

mgyoe.com SAMPLE BOOK

## ပထမအပိုင်းအခန်း


| | | | |
|---|---|---|---|
| ✱ | မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ၏ အတ္ထုပ္ပတ္တိ | ... | ၉ |
| ၁။ | ဆင့်ဆိုပန်ကြားခြင်းနှင့် ဂန္ထာရမ္ဘ | ... | ၂၈ |
| ၂။ | ပဋိညာဉ်နှင့် ပထမကဏ္ဍ | ... | ၂၉ |
| ၃။ | မင်းတို့အမည်များ | ... | ၃၁ |
| ၄။ | မင်းကျင့်တရားများ | ... | ၄၆ |
| ၅။ | အပရိဟာနိယတရား ၇ ပါး | ... | ၅၁ |
| ၆။ | မင်းကျင့်တရား ၁၀ ပါး | ... | ၅၈ |
| ၇။ | ရာဇဓမ္မကို မစောင့်သောအပြစ် | ... | ၆၉ |
| ၈။ | သက်တော်ရှည်ကြောင်းများ | ... | ၇၃ |


## ဒုတိယအပိုင်းအခန်း


| | | | |
|---|---|---|---|
| ၉။ | အိမ်ရှေ့မင်းအင်္ဂါ ၅ ပါး | ... | ၇၈ |
| ၁၀။ | အမတ်များ | ... | ၇၉ |
| ၁၁။ | ရာဇဝသတိခန်း | ... | ၈၃ |
| ၁၂။ | အဂါရိကပဉ္စာခန်း | ... | ၉၃ |


mgyoe.com

mgyoe.com SAMPLE BOOK

၁၃။ သိင်္ဂါလောဝါဒသုတ် ... ၉၇
၁၄။ သူယုတ်အကြောင်း (ဝသလသုတ်) ... ၁၀၃
၁၅။ ပျက်စီးကြောင်း (ပရာဘဝသုတ်) ... ၁၀၇
၁၆။ အာဠဝကသုတ် ... ၁၁၆
၁၇။ ဓမ္မိကသုတ် ... ၁၂၄
၁၈။ စကားကောင်း (သုဘာသိတသုတ်) ... ၁၃၁

## တတိယအပိုင်းအခန်း

၁၉။ အပဏ္ဏကဇာတ် (မြော်မြင်ဉာဏ်ရှိ လူပဏ္ဍိ) ... ၁၃၄
၂၀။ ဒေဝဓမ္မဇာတ် (ဘီလားမစား မြတ်တရား) ... ၁၃၇
၂၁။ သေရိဝဇာတ် (အဘိဇ္ဈာလွန်ကဲ ပျက်စီးမြဲ) ... ၁၃၉
၂၂။ စူဠသေဋ္ဌိဇာတ် (ကြွက်သေတစ်ခု အရင်းပြု) ... ၁၄၂
၂၃။ တဏ္ဍုလနာဠိဇာတ် (ဇာရာဏာသီ ဆန်တပြည်) ... ၁၄၄
၂၄။ နိဂြောဓဇာတ် (ကိုယ့်သက်စွန့်ပယ် သူ့ကိုကယ်) ... ၁၄၆
၂၅။ ကဏ္ဍိဇာတ် (မ,ကို ခင်တွယ် ကဲ့ရဲ့ဖွယ်) ... ၁၄၉
၂၆။ အာယာစိတဘတ္တဇာတ်(သားငါးမသတ် ဝန်တာလွတ်) ... ၁၅၁
၂၇။ နဠပါနဇာတ် (မိဋ္ဌာန်ကြောင်းရင်း ကျူဆစ်ကင်း) ... ၁၅၃
၂၈။ မဟိဠာမုခဇာတ် (အတုမြင်လျှင် အတတ်သင်) ... ၁၅၆
၂၉။ နန္ဒိဝိသာလဇာတ် (နွားတ်ထွက်သာယာ အောင်ကြောင်းသာ)... ၁၅၉
၃၀။ ကုလာဝကဇာတ် (မေတ္တာအကျိုး ဆင်မထိုး) ... ၁၆၂
၃၁။ နစ္စဇာတ် (ရှက်ကြောက်ကင်းလွတ် လာဘ်ဦးချတ်) ... ၁၆၅
၃၂။ သမ္မောဒမာနဇာတ် (စည်းလုံးညီညွတ် ဘေးမှလွတ်) ... ၁၆၇
၃၃။ ဝဋ္ဋကဇာတ် (သစ္စာနှုတ်သီး မန္တန်ကြီး) ... ၁၇၀
၃၄။ တိတ္တိရဇာတ် (ရိုသေတတ်မှ ကောင်းကျိုးရ) ... ၁၇၃
၃၅။ ဗကဇာတ် (စဉ်းလဲကောက်ကျစ် ဒုက္ခဖြစ်) ... ၁၇၆
၃၆။ ဝေဠုကဇာတ် (မြွေကိုသားထင် သေကြောင်းပင်) ... ၁၈၀
၃၇။ ရောဟိဏိဇာတ် (မိတ်ဆွေလူမိုက် မပေါင်းထိုက်) ... ၁၈၂

mgyoe.com

mgyoe.com SAMPLE BOOK 


၃၈။ ဝေဒဗ္ဗဇာတ် (ရွှေငွေစုံမက် အားလုံးပျက်) ... ၁၈၄

၃၉။ ဒုမ္မေဓဇာတ် (ပရိယာယ်ဖြင့် နိုင်ငံမြှင့်) ... ၁၈၉

၄၀။ မဟာသီလဝဇာတ် (နိုင်ငံကောင်းကျိုး စစ်မထိုး) ... ၁၉၂

၄၁။ ပဏ္ဍာဝုဓဇာတ် (ရဲရင့်တည်ကြည် အောင်ကြောင်းမည်) ... ၁၉၈


## စတုတ္ထအပိုင်းအခန်း


၄၂။ တေမိယဇာတ် (ထီးနန်းစည်းစိမ် သူသတ်အိမ်) ... ၂၀၃

၄၃။ မဟာဇနကဇာတ် (လုံ့လအားခဲ အောင်ရမြဲ) ... ၂၁၃

၄၄။ သုဝဏ္ဏသာမဇာတ် (မိဘလုပ်ကျွေး ချမ်းသာရေး) ... ၂၂၇

၄၅။ နေမိဇာတ် (ကိုယ်ကျင့်ကောင်းတွက် နတ်ပြည်တက်) ... ၂၄၈

* နိဂုံး ... ၂၆၄


■

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK


# မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ၏
# အတ္ထုပ္ပတ္တိ

**ဝဏ္ဏကျော်ထင် ဦးဘသန်း**

မြန်မာသက္ကရာဇ် ၈၀၀ ကျော် ရတနာပူရ အင်းဝရွှေနန်းရှင် ဒုတိယ မင်းခေါင်လက်ထက်လောက်မှစ၍ သက္ကရာဇ် ၁၁၀၀ ကျော် မဟာဝိဇယရံသီ စေတီတော်ဒါယကာ ရတနာပုရစတုတ္ထ မြို့တည်နန်းတည် ဘကြီးတော်ဘုရား လက်ထက်တော်တိုင်အောင်အတွင်းသည် မြန်မာနိုင်ငံတော်မှာ ပမာဏပြုလောက် သော ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ် စာဆိုတော် ကျမ်းပြုပညာရှိအများ ထွန်းကား ပေါ်ပေါက်သော ခေတ်ကြီး ဖြစ်၏။ ထိုသို့ ပေါ်ပေါက်ကြသည့် စာဆိုပညာရှိ ကျမ်းပြုပုဂ္ဂိုလ်အများတွင် မဟာဓမ္မသင်္ကြံအမတ်ကြီးသည် ထင်ရှားကျော်စောလှ သော ပုဂ္ဂိုလ်တစ်ပါးအဖြစ် ပါဝင်လေသည်။ ထိုသို့ ထင်ရှားကျော်စောလှသော မဟာဓမ္မသင်္ကြံ၏အတ္ထုပ္ပတ္တိကို သိမီသမျှ အချုပ်အားဖြင့် ဖော်ပြပါအံ့။

**ပန်းရွှေပြည်စာအုပ်တိုက်**

mgyoe.com

mgyoe.com SAMPLE BOOK

ရတနာသိင်္ခကုန်းဘောင်မြို့တည် အလောင်းဘုရားလက်ထက် မုံရွာခရိုင် ဘုတလင်နယ် မောင်းထောင်ကြီးရွာ၌ ကောဇာသက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် အဖစစ်ဗိုလ်ကြီး နတ်ရှင်ယက္ခ ဦးစံဦး-မိဒေါ်ခွေးတို့မှ သာသနာပိုင်အလောင်း အလျာ သတို့သား 'မောင်မြတ်နေ' ကို မီးရှူးသန့်စင် ဖွားမြင်လေသည်။ အသက် ၁၀ နှစ်ကျော် ကျောင်းသားအဖြစ်ဖြင့် ပညာသင်ကြား၍ အသက် ၁၃ နှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ရှင်သာမဏေဘွဲ့မှာ အင်္ဂါသား ဖြစ်၍ 'ရှင်ဉာဏ' ဟု တွင်သည်။

'မောင်းထောင်ရွာအနောက် လယ်တီရွာဇာတိ' ဟု နန်းမတော်ဝန်နိုဦးယံ၏ 'ပြည်ဖွဲ့မြို့ဖွဲ့ အမှတ်အသား' တွင် အဆိုရှိသေး၏။

ရှင်သာမဏေ ၇ ဝါရ အသက်စေ့တွင် သာမဏေအဆင့်အတန်းမှ မြင့်မြတ်သော ပဉ္စင်းအဆင့်အတန်းသို့ ရောက်သည်။ ငယ်စဉ်ကပင် ပါဠိတော် အဋ္ဌကထာ, ဋီကာ, အနုဋီက စသော လောကုတ္တရာဖက်ဆိုင်ရာ ကျမ်းဂန်၊ လောကီ ဘက်ဆိုင်ရာ သဒ္ဒါ စသောကျမ်းဂန်များ၌ အနက်အဓိပ္ပာယ် သဘောသကန် စုဒ်, စောဒနာ, အာဘော်, ကျမ်းထွက်, ကျမ်းတက်, ကျမ်းရိုး ကျနစွာ တစ်ဖက် ကမ်းရောက် တတ်မြောက် ကျော်ကြားခဲ့လေသည်။ ဗင်္ဂလီ, နာဂရီ ဘာသာ, သီဟိုဠ် ဘာသာဘက်၌ ထိထိရောက် တတ်မြောက်ပုံကား ထင်ရှားပါလတ္တံ့။

ပဉ္စင်း ၃ ဝါမြောက်အောင် ကျမ်းဂန်အစေ့အငှ သင်ကြား ကြည့်ရှုလေ့လာ၍ ၃ ဝါ မြောက်လျှင် စာသင်သားတို့ကို လက်ခံ၍ ဇာတိဖြစ်သော ဗဒုံမြို့အနီးအစပ် 'မောင်းထောင်' မည်သော အရပ်တွင် ရွာရှေ့မင်္ဂလာအရံ၌ စာပေပို့ချသည်။-ဟု 'အရံအတင်သာသနာပြု စေလွှတ်စာတမ်း'က ဆိုသေးသည်။

ရဟန်း ၁-ဝါမှ ၅-ဝါထိ ပိဋကတ်တော်များကို အပြန်အလှန် သုံးသပ်၍ ၅-ဝါရကပင် 'ပေဋကာလင်္ကာရ' မည်သော နေတ္တိဋီကာပါဠိကို ရေးလေသည်။ ဋီကာဟောင်းထက် ကျယ်သောကြောင့် 'မဟာဋီကာ' ဟု ခေါ်ဝေါ်ကြသည်။ ဤမျှ ပိဋကတ်ကျမ်းဂန် စသည်တို့၌ ကျနစွာတတ်မြောက်သဖြင့် 'မောင်းထောင် ပဉ္စင်းငယ်' ဟု ရတနာပုရ အင်းဝ နေပြည်တော်နှင့်တကွ မြန်မာတစ်နိုင်ငံလုံး


mgyoe.com

mgyoe.com SAMPLE BOOK

အကြေအညာ ပဟိုးလေးတကြော် ကျော်ကြားခဲ့လေသည်။

သက္ကရာဇ် ၁၁၃၄–ခု တပို့တွဲလပြည့်ကျော် ၁၅–ရက် ဘိုးတော်ဘုရား ရွှေနန်းတက်တော်မူ၍ တန်ခူးလဆန်း ၂–ရက်နေ့တွင် "လူဆရာ ဦးညို၊ ဦးပြစ်တို့ ပြောစားလှာသော စာပေကျမ်းဂန်ရမိလှသည်ဟု ထင်ရှားသော မောင်းထောင်ပဉ္စင်းယ်သည် အဘယ်မှာ ယခု ရှိလေသနည်း။" မှူးတော်မတ်တော်တို့အား မေးတော်မူသည်။ 'မောင်းထောင်မှာပင် ရှိနေကြောင်း'– တင်လျှောက်ကြသည်တွင်၊ "ယခုပင် အလျင်အမြန်ရောက်အောင် ပင့်ခေါ်စေ။" အမိန့်တော်ပြန်၍ တောင်ဘက်တိုက်ဝန် မင်းကျော်ရွှေတောင်ကို ပင့်စေတော်မူ၏။ 'ရောက်ခဲ့သည်' ဟူ၍လည်း အတွင်းတော်လွှတ်တော်က အကြိမ်ကြိမ် ဆင့်ရ၏။

ထိုသက္ကရာဇ် တန်ခူးလပြည့်ကျော် ၈–ရက် စာသင်ရဟန်း ၈၅ ပါးနှင့် ရတနာပုရ ရွှေဝမြို့တော်သို့ ရောက်၍ မိုးထိကျောင်း အနောက်မြောက်တွင် စာသင်တိုက် ယာယီကျောင်းတွင် တည်းခိုနေထိုင်ရသည်။ ယင်းသောအခါ– ရဟန်းပဉ္စင်းဝါ ၆ နှစ်ကျော် ၇ နှစ်အဝင်ရှိပြီ။

ထိုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့တွင် စာသင်ကျောင်းကို မှူးတော်မတ်တော်များ နှင့်တကွ အိမ်ရှေ့မင်းထွက်၍ 'ရွှေကရားနှင့် ရေစက်သွန်းချ တင်လှူတော်မူသည်။ 'ဉာဏာဘိ သာသနဓဇ မဟာဓမ္မရာဇဂုရု' တံဆိပ်နာမည်လည်း ပေးအပ်တော်မူသည်။ ပိဋကတ်ကိုလည်း စောင်မရသည်။ ရာဇာဘိသေကကျမ်းကိုလည်း ပုဏ္ဏားများနှင့် ပြန်ဆိုရသည်။ 'ဘိသိက် ခံတော်မမူမီ ဖြစ်၍ ပိဋကတ်တော်ကို မရေးစေသေး။' ဟု သာသနာလင်္ကာရစာတမ်းတွင် ဆိုသည်။

ရွှေမြို့တော်ကြီး မြောက်မျက်နှာ မဟာမုနိဘုရားတွင် တောင်စမြင်ပါ အမိုးဘုံ ၄ ထပ်ကျောင်းကြီး ယွန်းဆက်ကွန်းစင် သစ်ရပ် ၆၁–တောင်၊ ကွန်းစင်ထုပ် ၉–တောင်၊ ကျောင်းမ မာရဘင်ဆီး၊ ဥကင် ရာဇပလ္လင်တည် ဝဲယာထီးဖြူ ၄–စင်းစိုက်၊ ကျောင်းဦး အရှေ့တောင်ယွန်း မဟာရံတံတိုင်း အတွင်းထပ် အတွင်း မိုးဘုံ ၇–ဆင့် ရှိသော ပြာသာဒ်ကျောင်းတော် ထက်–အောက်–အတွင်း–ပြင် ရွှေစင်အတိ ရဲရဲညီသော မဟာကုသိုလ်တော်ကြီး လုပ်ဆောင်ပြီးသည်ကို မင်း ဧကရာဇ်တို့ဘုန်းတန်ခိုးဖြင့် မဟာအသဒိသကုသိုလ်တော်ကြီး ဖြစ်စေတော်မူ၍ ထွက်တော်မူပြီးလျှင်၊ သက္ကရာဇ် ၁၁၅၁–ခု တပေါင်းလဆန်း ၁၄–


mgyoe.com

mgyoe.com SAMPLE BOOK

ရက် စနေနေ့ တွင် မဟာဝိဟာရ ရွှေကျောင်းတော်ကြီးကို 'ရတနာဘုံကျော်'၊ တိုက်တော်ကို 'အသောကာရာမတိုက်' ကမ္ပည်းမော်ကွန်းထိုးမှတ် သမိုက်တော်မူ၍၊ ကျောင်းဦး ပြာသာဒ်တော်အတွင်း မင်းဇကရာဇ်ကိုယ်တော်တိုင် ရွှေကရား ဖြင့် ရေစက် သွန်းလောင်းတော်မူ၍ သာသနာပိုင်ဆရာတော်ကြီးအား ထီးဖြူ အုပ်ပြီးလျှင် ရတနာဘုံကျော် ရွှေကျောင်းတော်ကြီးကို တင်လှူတော်မူသည်။ ဆရာတော်ဘုရားကြီးကို 'ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇ ဂုရု' အမည်တံဆိပ်ကို ကပ်လှူတော်မူသည်။

ထိုမှနောက်လည်း၊ 'ဆင်ကြီးရွှေဂူ သုဓမ္မာဇရပ် ပိဋကတ်တိုက်အနီးတွင် ဆောက်လုပ်ထားသော ရွှေမြို့တော်အတွင်းရှိ စံကျောင်းတော်ကို တင်လှူတော် မူ၏။ ယခင် ဒုတိယတံဆိပ်နာမည်အတိုင်း တတိယအကြိမ်မြောက်၌ ထပ်၍ ဆက်ကပ် လှူဒါန်းတော်မူပြန်သည်။' ဟု သာသနာလင်္ကာရစာတမ်းတွင် ဆို သည်။

ရွှေမြို့တော်အတွင်း အနောက်မြောက်ထောင့် ရွှေဂူကြီးအနီး၌ သုဓမ္မာ ဇရပ်, ပဉ္စာန်းဇရပ်, သိမ်ဇရပ်, ပိဋကတ်တိုက်, ပြာသာဒ်တို့ဖြင့် တန်ဆာဆင် အပ်သော အတုမရှိဆန်းကြယ်စွာ လုပ်ဆောင်စီရင်အပ်သော ဘုံ ၃ ဆင့်ရှိသော စံကျောင်းတော်ကို တင်လှူတော်မူသည်။-ဟု အရုံအတင်စာတမ်းတွင် ဆိုသည်။

၁၁၅၃-ခုနှစ်တွင် မီးတားပွတ်ရုံ မဟာရုံ ၂ ထပ်တို့ဖြင့် ခြံရံအပ်သော ရွှေမြို့တော်မှ အရှေ့မြောက်ထောင့်အရပ်၌ ဘုံ ၄ ဆင့်ရှိသော အောင်မြေဘုံကျော် ကျောင်းတော်ကြီးကို တင်လှူတော်မူသည်။ 'ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု' ဟူသော တံဆိပ်ကိုလည်း ၃ ကြိမ် ကပ်လှူတော်မူ သည်။-ဟု အရုံအတင်စာတမ်းတွင် ဆိုသည်။

ထို့ကြောင့်ပင် မောင်းထောင်သာသနာပိုင်ရေး သီလက္ခန်ဋီကာသစ် နိဂုံးတွင် 'တိက္ခတ္တုံလဒ္ဓလဉ္ဆနော' ဟု မိန့်ဆိုထား၏။ 'သေနာပတိ' ပါသော သာသနာပြု သာသနာပိုင်တံဆိပ်တော်ကြီး ၃ ကြိမ်ရသည်ကို ရည်ရွယ်၍ ဆိုကြောင်း မုချ မှတ်သင့်ပေသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

## တံဆိပ်ရ ၄ ကြိမ်

မောင်းထောင်ဆရာတော်သည် သာသနာပိုင်ဖြစ်တော်မမူမီ အင်းဝမြို့ မိုးထိကျောင်း အနောက်မြောက်တွင် စာသင်တိုက်ယာယီကျောင်း တင်လျှုခြင်းခံရသောအချိန်က **ဉာဏာဘိ သာသနဓဇ မဟာဓမ္မရာဇဂုရု**။

၁၁၅၀-ပြည့်နှစ် တတိယအကြိမ် မောင်းထောင်ဆရာတော် ၁ ပါးတည်း သာသနာပိုင် ဖြစ်တော်မူပြီးနောက်၊ ၁၁၅၁-ခုနှစ် အသောကာရာမ ရတနာဘုံ ကျော်တိုက်ကျောင်းတော် တင်လှူခြင်းခံရသောအချိန်က **ဉာဏာဘိဝံသ ဓမ္မသေနာပတိမဟာဓမ္မရာဇဂုရု**။

၁၁၅၂-ခုနှစ် စံကျောင်းတော် (မြောက်နန်းတော်ကောင်းမှု) တင်လှူခြင်း ခံရသောအချိန်က **ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု**။

၁၁၅၃-ခုနှစ် အောင်မြေဘုံကျော် (တောင်နန်းတော်ကောင်းမှု) တင်လှူခြင်းခံရသောအချိန်က **ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု** ဟူသော တံဆိပ်တော်ငယ် ၁ ကြိမ်, တံဆိပ်တော်ကြီး ၃ ကြိမ်- စုစုပေါင်း ၄ ကြိမ် ရရှိခဲ့လေသည်။

## သာသနာပိုင် ခန့်ထားခြင်း

မောင်းထောင်ရုပ်လုံးဖော်ဋီကာအရ ဖော်ပြရသော် -

ဘိုးတော်မင်းတရားကြီးလက်ထက် ပိဋကတ်ကျမ်းဂန် ကျနစွာ တတ်မြောက်၍ သတ္တိဗျတ္တိနှင့် ပြည့်စုံတော်မူသော သီလဝန်, ဂုဏဝန်ပုဂ္ဂိုလ်တို့အား တံဆိပ်နာမည်ပေးအပ် လှူဒါန်းတော်မူသည်ကား အရာမက များလှစွာ၏။ ထို ရာဇဂုရုဆရာတော်များအနက် - မင်းအိုဆရာတော်, မန်လည်ဆရာတော်, ဆုံထားဆရာတော်, မင်းရွာဆရာတော်၊ ဤဆရာတော် ၄ ပါးကို သာသနာပိုင် အပ်နှင်းတော်မူသည်။ ပထမသာသနာပိုင်ကြီး ၄ ပါး သာသနာပြုအုပ်ချုပ်သည်မှာ


mgyoe.com

mgyoe.com SAMPLE BOOK
၁၁၄၆-ခုနှစ်အထိ ဖြစ်သည်။

ထိုသို့ သာသနာပိုင်အဖြစ် အပ်နှင်းပြီးဖြစ်ပါလျက် ဆရာတော်ကြီးများမှာ သာသနာတော်ကို သုတ်သင်ခြင်းငှာ စွမ်းနိုင်လိမ့်မည် မထင်သဖြင့်

၁-ရွှေတောင်ဆရာတော်။

၂-ဗားကရာဆရာတော်။

၃-ကတိုးဆရာတော်။

၄-မဲထီးဆရာတော်။

၅-မုံတောဆရာတော်။

၆-စလင်းဆရာတော်။

၇-ဆင်တဲဆရာတော်။

၈-၈ ဝါရ မောင်းထောင်ဆရာတော်ကလေးအားဖြင့် ယခင် ၄ ပါးပါ သာသနာပိုင် ၁၂ ပါးအထိ ခန့်တော်မူပြန်သည်။

သာသနာပိုင် ၁၂ ပါး ဖြစ်နေသဖြင့် သာသနာတော်အတွင်း၌ ရှုပ်ထွေးသမျှကို စီရင်ဆုံးဖြတ်ရာ၌ အတိအကျ ပြီးပြီးပြတ်ပြတ် မရှိချေ။ အကြောင်းကား 'ကိုယ်နှင့်ပတ်သက်-သူနှင့်ပတ်သက်' ဆိုသကဲ့သို့ တစ်မျိုး၊ 'လာဘ်လာဘငဲ့' ဆိုသကဲ့သို့ တစ်ဖုံကြောင့်သာ သာသနာတော်ရေးတွင် အတော် ရှုပ်ထွေးနေလေတော့၏။

## တဘောင် ပေါ်လာခြင်း

'ဇမ္ဗူဒိပ် နိမိတ်' ဆိုသည်အတိုင်း ထိုသို့ ရှုပ်ထွေးနေခိုက်တွင် အမရပူရ နေပြည်တော်၌-

'ဦးပြည်းယောက်ျား၊ လက်ယ..ာ်စားသည်၊ တိုင်းကားပြည်ရွာ ဆူလတ္တံ့။'


mgyoe.com

mgyoe.com SAMPLE BOOK

'ဦးပြည်းမိုးကြိုး၊ ပစ်ခတ်ချိုးက၊ အခိုးနေ့လ မှိန်လတ္တံ့။' -ဟူ၍ တဘောင်ပေါ်လာသော ဟူ၏။

ထိုတဘောင်ကြောင့် ဘိုးတော် မင်းတရားကြီးမှာ သာသနာရေးအတွက် စိတ်အေးချမ်းမြခြင်း မရှိနိုင်တော့ချေ။ ထိုသို့ မကြည်မသာ ဖြစ်နေတော်မူခိုက်မှာပင် တဘောင်တစ်ခု ပေါ်လာပြန်သည်ကား-

'ပရံနဝါမစုံသေး၍၊

မောင်းထောင်ခွက်ကလေးနှင့်၊

နို့ရည်ပေးပါ့ မခွေးရယ်။

ဒွန်ပန်းကို ပန်ဆင်ရမှ၊ နို့ဝတော့မယ်။

နို့ချိုအေးကိုတဲ့ တိုက်ကျွေးဖွယ်၊

နို့မျက်ငယ်တို့ မာစေကြောင်း၊

ညွှတ်ခဆုတောင်း။'-ဟူ၏။

ဘိုးတော်မင်းတရားကြီးသည် အယူတော်မင်္ဂလာကို စနည်းနာ စေလွှတ်ထားတော်မူရာတွင် အဆိုပါတဘောင်ကို ကြားသိရသည့်အတိုင်း ဘိုးတော်ဘုရားထံ အခစားဝင်၍ သံတော်ဦး တင်လျှောက်သည်မှာ-

"သာသနာအဓိကရုဏ်းအရေး ငြိမ်းအေးဖို့ နေရောင်ပမာ ဉာဏ်ဝါ ကွန့်မြူးလျက် အထူးပြုစု ကြည့်ရှုနိုင်မည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ် ဘဝရှင်မင်းတရားကြီးအလိုတော်ပြည့်ရန် ထင်ရှားစွာ စနည်းတဘောင်နှင့် ပေါ်လာပြီ ဖြစ်ပါသည်။" ဟု တဘောင်ကို ရွတ်ဆို တင်ပြလေသည်။

မင်းတရားကြီးက "တဘောင်၏ အဓိပ္ပာယ်ကို ရှင်းပြရမည်။"-အမိန့်တော်မှတ်သဖြင့်၊ လျှောက်တင်သည်မှာ-

"ပရံနဝါမစုံသေး၍ အပိုဒ်၌ ပရ-တစ်ပါးသောသူတို့သည်။ နာဝနဝင်္ဂေသု- အင်္ဂါ ၉ ပါးရှိသော ပိဋကတ် ၃ ပုံတို့၌ မစုံတတ်သေး၍- ဆိုလိုပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK
"မောင်းထောင်ခွက်ကလေးနှင့်- အပိုဒ်က မောင်းထောင်ဆရာတော်ကလေးကို ဆိုလိုပါသည်။

"နို့ရည်ပေးပါ့ မခွေးရယ်- အပိုဒ်က ပြည်သူတို့အာဘော်မှာ တိုင်းပြည်၏ မိဘဖြစ်တော်မူသည့် တနင်္လာသား ဘဝရှင်မင်းတရားကြီးထံ တရားရင်နို့ သောက်စို့လိုကြသဖြင့် တောင်းကြပုံကို ဆိုလိုပါသည်။

"ဖွန်ပန်းကို ပန်ဆင်ရမှ နို့ဝတော့မယ်။- အပိုဒ်က မောင်းထောင်ဆရာတော်ကလေးကား အင်္ဂါသားဖြစ်တော်မူ၍၊ အင်္ဂါသား မောင်းထောင်ဆရာတော်ကလေးကို သာသနာပိုင်တင်မြှောက်ပါမှ တရားနို့ချို ဝတော့မည်။- ဆိုလိုပါသည်။

"နို့ချိုအေးကိုတဲ့ တိုက်ကျွေးဖွယ်၊ နို့မျက်ငယ်တို့ မာစေကြောင်း၊ ညွှတ်ခဆုတောင်း။- အပိုဒ်က မောင်းထောင်ဆရာတော်ကလေး၏ ပညာရင်နို့ကို သောက်စို့ကြစေဖို့ နို့မျက်ပမာ တိုင်းသူပြည်သားများက ညွှတ်ခ၍ ဆုတောင်းပါသည်။- ဟု ဆိုလိုပါကြောင်း။" ဖြင့် လျှောက်တင်လေသည်။

ထိုအခါ မင်းတရားကြီးမှာ အားရနှစ်သက်တော်မူလှသဖြင့်

"မောင်မင်းတင်လျှောက်သည့်စကားသည် ပျားသကာကဲ့သို့ပင် ရှိချေသည်။ သည်တဘောင်ကို မောင်မင်း မတင်မီကပင် ကြံဆနှစ်ခြိုက် ရွှေနှလုံးတော်ပိုက်ပြီး ဖြစ်တော့သည်။"- ဟု မိန့်တော်မူပြီးလျှင်၊ ရွှေလွှတ်တော်၌ ဆရာတော်သံဃာတော်တို့ အစုံအညီကြွလာတော်မူပြီဖြစ်သောကြောင့် မင်းတရားကြီးသည် ရွှေလွှတ်တော်သို့ ထွက်တော်မူလေသည်။

## မင်းတရားကြီး လျှောက်ထားခြင်း

ရွှေလွှတ်တော်သို့ ရောက်က၊လ၊ ဆရာတော် သံဃာတော်တို့အား

"ဆရာတော် အရှင်မြတ်တို့ဘုရား။ စူဠပဏ္ဍိဂိုဏ်းဝင်နှင့် သုဓမ္မာ


mgyoe.com

mgyoe.com SAMPLE BOOK
ဂိုဏ်းဝင် သံဃာတော်တို့ ၂ ဂိုဏ်းလုံး စုရုံးပေါင်းစည်းတော် မူကြပါ။ သာသနာ့ဒါယကာကိုလည်း ငဲ့ညှာတော် မူသင့်ပါသည်။ ဒကာတော်၏ သဘောမှာလည်း သာသနာစည်ပင်ရေး၊ သာသနာစင်ကြယ်ရေး၊ သံဃာကောင်းရေး၊ သံဃာချမ်းသာရေးကိုသာ အလိုရှိပါသည်။ သည်ကဲ့သို့ ဒကာတော်၏ အလိုဆန္ဒသဒ္ဒါ ပြဋ္ဌာန်းသောစေတနာကို စောင့်ထိန်းတော် မူကြပါလျှင် ဒကာတော်ထံသို့ တင်သွင်းတော်မူကြသော ၂ လ ရက်စုံသတ် ဝါငယ်ထပ်နှင့် ၄ လ ရက်စုံသတ် ဝါကြီးထပ် စာလွှာများကို မောင်းထောင်ဆရာတော် ဆုံးဖြတ်ချက်အတိုင်း နှစ်သက် သဘောတူတော်မူကြပါ။ သာသနာတော်ကို ကြည့်ရှုရန်လည်း မောင်းထောင် ဆရာတော်ကို သာသနာပိုင် ၁ ပါးတည်း ခန့်အပ်တော်မူပါမည်။ ” ဟု လျှောက် လေသည်။

မောင်းထောင်ဆရာတော် သာသနာပိုင်ခန့်အပ်တော်မူရာ၌ အတင် အရုံ ၂ ဂိုဏ်းလုံးကပင် 'လိုလားနှစ်သက်ကြောင်း' ပဋိညာဉ် ပေးတော်မူကြသည်။

မောင်းထောင်သာသနာပိုင်သည် ကျမ်းဂန်အမျိုးမျိုးနှင့် ညှိနှိုင်း၍ (ထိုအခါတွင် ဖြစ်ပေါ်နေသော ၄ လရက်စုံသတ် ဝါကြီးထပ်၌) သံဃာ တညီတညွတ်တည်း ပေါင်းစည်းမိအောင် ဆောင်ရွက်တော်မူလေသည်။

ထိုခေတ်က တုံဂိုဏ်း(တင်ဂိုဏ်း)၊ ရုံဂိုဏ်းမှစ၍ ရှုပ်ထွေးလေသမျှ မောင်းထောင်ပဋ္ဌင်းငယ် သာသနာပိုင်ဖြစ်လာသည့်အခါ၌ ရှင်းလင်းအေးချမ်းသွားလေတော့သည်။ သာသနာပိုင် ၈ ဝါရတွင် 'သာရတ္ထဝိလာသိနီ'မည်သော သုတ်သီလက္ခန် ဋီကာသစ်ကို ရေးတော်မူသည်။ သုတ်သီလက္ခန် အဋ္ဌကထာကြီးကို ပါဠိဘာသာဖြင့် အကျယ်တဝင့် ဋီကာဖွင့်၍ ရေးသားတော်မူခြင်း ဖြစ်ပေသည်။

၈ဝါရ သာသနာပိုင်မဖြစ်မီ ၅ဝါရက 'နေတ္တိဋီကာသစ်'ကို ပါဠိဘာသာဖြင့် ရေးပြီးနောက်၊ သုတ်သီလက္ခန် ဋီကာသစ်ကို သာသနာပိုင် ဖြစ်ပြီးမှ ရေးသည်။ သို့ရေးရာ၌ ဘယ်ခုနှစ်က စ၍ ရေးသည်ဟု မသိရှိနိုင်သော်လည်း သုတ်သီလက္ခန် ဋီကာသစ်နိဂုံး၌ 'သာသနာတော် ၂၃၄၅-ခုနှစ်'ဟု အဆိုရှိ၍


mgyoe.com

mgyoe.com SAMPLE BOOK

ကောဇာသက္ကရာဇ် ၁၁၆၃-ခုနှစ်က ၄၄င်းဦးကာသစ် ပါဠိပြီးစီးကြောင်း သိနိုင်ပေသည်။ ၄င်းနှစ်ကဆိုလျှင် မောင်းထောင် ပထမသာသနာပိုင် သက်တော် ၄၈ နှစ်ရှိတော်မူလေပြီ။

## သီဟိုဠ်နှင့် မောင်းထောင်သာသနာ

သက္ကရာဇ် ၁၁၆၂ ခုနှစ် သီဟိုဠ်ကျွန်းက ဓာတ်တော် ၁၀ ဆူကို ပင့်ဆောင်၍လာကြသော သာမဏေ ၆ ပါးနှင့် ဥပါသကာ ၁ ဦးတို့သည် အမရပူရမြို့သို့ ရောက်ရှိလာကြလေသည်။ ရောက်လာကြသော သာမဏေ ၆ ပါးတို့ကို မောင်းထောင်သာသနာပိုင်က ဥပဇ္ဈာယ်ပြု၍ ကဝိန္ဒာဘိသဒ္ဓမ္မရဓဇ မဟာဓမ္မရာဇဂုရု ညောင်ကန်ဆရာတော် ခင်ကြီးပြောင်, ရွှေရေးကျောင်းဆရာတော် ဘုရားကြီးပြာသာဒ်ကျောင်းဆရာတော်- စသော ဆရာတော် ၃ ပါးစီ ကမ္မဝါ လဲလှယ်ဖတ်စေ၍ ဆင်ကြိုးရွှေဂူ သိမ်၌ မြင့်မြတ်သောပဉ္စင်းအဖြစ်သို့ ရောက် အောင် ပဉ္စင်းခံစေတော်မူ၏။ 'နာဒ' မည်သော ဥပါသကာကိုလည်း သာမဏေ ပြုစေတော်မူ၏။

ထိုမှနောက်လည်း သီဟိုဠ်ကျွန်းမှ မကြာမကြာ အကြိမ်ပေါင်း မြောက်မြားစွာ ရောက်လာကြကုန်သော ရဟန်းတော်များကို သိက္ခာထပ်ပေးတော် မူ၏။ သာမဏေများကို ရဟန်းအဖြစ်သို့ တက်စေ၍၊ လူများကို သာမဏေပြုစေတော်မူ၏။

သီဟိုဠ်ကျွန်း သီရိဝဍ္ဎနမြို့ ရာဇဓိရာဇသီဟမင်းသို့လည်း သာသနာပြုနည်းသံစာနှင့် သီဟိုဠ်သားရဟန်းတော်နှင့် သာမဏေများကို လွှတ်၍ သာသနာပြုစေတော်မူ၏။ ထိုခေတ်က မောင်းထောင်သာသနာပိုင်ကို အကြောင်းပြု၍ သီဟိုဠ်ကျွန်း၌ သာသနာ အလွန်စည်ကားလေသည်။ 'ဉာဏာဘိဝံသဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု' ပထမမောင်းထောင်ကြီး သာသနာပိုင်ဟု သီဟိုဠ်ပေါ် ကျော်ကြားသော ဆရာတော်သည်ကား သီဟိုဠ်ကျွန်း၌ 'အမရပုရဂိုဏ်း' ဟု


mgyoe.com

mgyoe.com SAMPLE BOOK
ကျော်ကြားသော သီဟိုဠ်သားရဟန်းသံဃာ မြောက်မြားစွာတို့၏ အစအမွန်ဆရာလည်း ဖြစ်တော်မူပေ၏။ သီဟိုဠ်သားရဟန်းသံဃာ မြောက်မြားစွာတို့၏ ကျေးဇူးတော်အဆိုင်ဆိုင် ပြောပြ၍မကုန်နိုင်သော ဆရာသခင်ကျေးဇူးရှင်လည်း ဖြစ်တော်မူပေ၏။ ထိုအခါက 'အမရပူရဂိုဏ်း'ဟု ကျော်ကြားခဲ့သည်ကား မောင်းထောင်သာသနာပိုင် လက်မွှန်မဆွ ပထမ တည်ထောင်ခဲ့သောဂိုဏ်း ဖြစ်ပေသတည်း။

## ကျမ်းပေါင်းများစွာ ပြုစုတော်မူခြင်း

မောင်းထောင်သာသနာပိုင်ဆရာတော်သည် နေ့စဉ်နှင့်အမျှ လောကဝတ်, ဓမ္မဝတ်ကျေပွန်စွာ အများအကျိုးကို သယ်ပိုးရွက်ဆောင်တော် မူလိုသဖြင့် စာပေပိဋကတ်ကျမ်းဂန်များကို သုတ်သင်ခြင်း, ချပို့ခြင်း, ရေးသားခြင်း၊ ဘုရင်မင်း မှစ၍ မေးလာသမျှ ပုစ္ဆာများကို ဖြေကြားခြင်း- စသောလုပ်ငန်းများနှင့်ပင် အချိန်ကုန်စေ၏။

ဤမှတစ်ပါးလည်း ၁၁၄၇ ခုနှစ် ဝင်္ကတိုင်း နဝဒီပမြို့ သီဟိုဠ်ကျွန်းများမှ သာသနာဖက်ဆိုင်ရာ, လောကီဖက်ဆိုင်ရာ ကျမ်းဂန်အများရှိသည်ကို ပုဏ္ဏားပညာရှိတို့ကို သင်္ဘောဖြင့် သွားရောက်ဆောင်ယူစေ၍ ရောက်ရှိလာသော သက္ကတကျမ်းပေါင်း စောင်ရေ ၂၅၀ ကျော်တို့ကို ဗင်္ဂလီ နာဂရီဘာသာမှ မြန်မာဘာသာသို့ နိဂုံးဂါထာအပြည့်အစုံနှင့်တကွ ပြန်ဆိုတော်မူခဲ့လေသည်။

ပြုစုတော်မူသော ကျမ်းတို့မှာ 'နေတ္တိဋီကာပါဠ်'အစ 'မောင်းထောင်နိယံ' အဆုံး ၄၂ ကျမ်း ရှိလေသည်။ သက္ကတဘာသာသက်သက်မှ ပြန်ဆိုသော ကျမ်းပေါင်းမှာ ၁၉၄ ကျမ်းမျှ ရှိပေလိမ့်မည်။

## လူ့အဖြစ်ဖြင့် နေလိုသောဆန္ဒ

မောင်းထောင်သာသနာပိုင်သည် ပုထုဇဉ်ကတိအလျောက် ဝိနည်းနှင့်


mgyoe.com

mgyoe.com SAMPLE BOOK
ပတ်သက်၍ သံသယကုက္ကုစ္စတွေ များလာသောကြောင့် လူဝတ်နှင့် နေလိုသဖြင့် ဘဝရှင်မင်းတရားကြီးထံ အကြောင်းကြားလေသည်။ မင်းတရားကြီးမှာ အထင်တော် တစ်မျိုးရောက်၍ ''မိန်းမအတွက်ကြောင့်ဖြင့် မထွက်ပါနှင့် မိဖုရားကြီးများကို ချန်လှပ်၍ ဘယ်ဟာမဆို အလိုပြည့်ပါစေမည်။ ည-လူထွက် နံနက် ရဟန်း ပြန်တက်ပါ။ အရှင်ဘုရားမှ သာသနာ့ဘောင်မရှိလျှင် သာသနာအရှုပ်အထွေး ပေါ် လာပါက ဖြေရှင်းဖို့ ခဲယဉ်းပါလိမ့်မည်။'' ဟု လျှောက်ထားတော် မူလေသည်။

''မိန်းမအတွက်ကြောင့် မဟုတ်ပါ။ လူ့ဘဝ လူ့အဖြစ်နှင့်ပဲ နေချင်ရုံ သက်သက်ပါ။''- ဟု ပြန်ကြားသည်တွင် ဘိုးတော်မင်းတရားကြီးက အဖန်ဖန် တောင်းပန်သဖြင့် သာသနာ့ဘောင်တွင် နေရပြန်လေသည်။

ဤသို့ လူထွက်လိုစိတ်ဖြစ်ခဲ့ရာ၌ ဖြစ်ပေါ်နေသော လူထွက်ချင်စိတ်ကို ပျောက်လိုပျောက်ငြား သဘောထား၍၊ သက္ကရာဇ် ၁၁၅၄-ခုနှစ်က မောင်းထောင် ရွာမြောက်ဘက် ကိုက် ၁၀၀၀ လောက်နီးနီး အရပ်၌ ကွမ်းတောင်းဘုရားကြီးကို လာရောက် တည်တော်မူသေးသည်။ ဖိနပ်တော် အတောင် ၄၀ စီ ပတ်လည် ရှိသည်။ ကုလားကျောင်းအမြင့် အတောင် ၂၅ မြင့်သည်။ ၄င်းထက် ပစ္စယာ ၄ ဆင့် ရှိသည်တွင် ပထမပစ္စယာမှာ ၄ တောင်ကျော် ကျယ်လိမ့်မည်။ ၄င်း အထက်၌ ကွမ်းတောင်းကြီးကို မှောက်ထားသည့်ပုံဖြစ်သည်။ အမြင့်ထီးအလွတ် ၇၅ တောင် မြင့်တော်မူသည်။ ၄င်းဘုရားကြီးကို ကွမ်းတောင်းကြီးကို မှောက်ထား သကဲ့သို့ ရှိခြင်းကြောင့် 'ကွမ်းတောင်းဘုရားကြီး' ဟု ခေါ်ဝေါ်ကြ၏။ ၄င်းဘုရား ကြီး၏ မြောက်ဘက်တွင်လည်း သိမ်တစ်လုံး သမုတ်တော်မူခဲ့သေးသည်။

မောင်းထောင် ပထမသာသနာပိုင် ငယ်စဉ်က အမိ ဒေါ်ခွေးနှင့်အတူ ကွမ်းတောင်းဘုရားကြီး တည်မည့်အရပ်သို့ သွားရောက်ကြရာ၊ ''အမေ။ ကျွန် တော် ကြီးတော့ သည်နေရာမှာ ဘုရားတည်ဦးမယ်။''-ဟု ပြောပြသည့်အခါ၊ အမိ ဒေါ်ခွေးက ပြုံး၍ ''အေး- အေး- တည် ငါ့သား။''-ဟု ပြောဖူးသော ဟူ၏။


mgyoe.com

mgyoe.com SAMPLE BOOK

ကွမ်းတောင်းဘုရားကြီးဝင်းကား ကျယ်ဝန်းသော်လည်း ဘုရားဝင်းထဲမှ ဖြတ်၍ ရွေဦး-ရွှေဘိုသွားသည့် တာလမ်းဖောက်ထားသဖြင့် အရုပ်ဆိုးနေလေပြီ။ ၄င်းတာလမ်းကား တောတာလမ်းပေတည်း။

## လူထွက်ဖြစ်ခြင်း

ဤနည်းဖြင့်လည်း လူထွက်လိုစိတ် မပျောက်နိုင်သဖြင့် သက္ကရာဇ် ၁၁၇၄ ခုနှစ်သို့အရောက် အသက် ၅၉-၆၀ နှစ်လောက်တွင် လူထွက်ဖြစ်လေတော့သည်။

''လူထွက်ပေမယ့် မောင်းထောင် ပြန်မနေပါနှင့်တော့။ လူဝတ်နှင့်ပဲ သာသနာ အတူပြုကြပါစို့။''- ဟု ဘိုးတော်မင်းတရားကြီးက ပြောဆိုတောင်းပန်ပြီးလျှင် နန်းတော်အနီးအရှေ့ဘက်၌ မင်းတိုင်ပင်အမတ်ကြီး ခန့်ထားတော်မူလေသည်။ ချည်ပါရွာကိုလည်း အပိုင်စား ပေးတော်မူသည်။

ဥမ္မာဒန္တီပျို့နိဒါန်းတွင် ဖော်ပြထားသည်မှာ-

'၁၁၄၉ ခုတွင် သာသနာပြုအပ်ခြင်းခံရသော ငယ်မည် 'ဦးမြတ်နေ'- ဘွဲ့မည် 'ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု' ဘွဲ့၊ လူထွက်ပြီးနောက် မင်းတိုင်ပင်အမတ် ခန့်ထားသည့်အခါ 'မဟာဇေယသင်္ခြ' ဟူ၍လည်းကောင်း ဘွဲ့ကြီးများဖြင့် ချီးမြှင့်ခြင်းခံရသော ပုဂ္ဂိုလ်ပေတည်း။'- ဟူ၏။

## ဥဒါန်းတွင်နေသော စကား ၂ ခွန်း

'မောင်းထောင်သာသနာပိုင် ညအခါလူထွက်၍ နံနက်အခါ ရဟန်းပြန်တက်သည်။'-ဟူသော စကားတစ်ခွန်းနှင့်

'မောင်းထောင်ကလည်း ထောင်လွန်း၊ တောင်အူကလည်း အူလွန်း'- ဟူသော စကားတစ်ခွန်းတို့ပင် ဖြစ်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ထိုတွင် ပထမစကားမှာ အကယ်ဖြစ်သော အကြောင်းအရင်း မရှိ။ ဘိုးတော်မင်းတရားကြီးက စေတနာအလျောက် လျှောက်ထားသောစကားသာ ရှိလေသဖြင့်၊ 'ည လူထွက် - နံနက် ရဟန်းတက်' မဟုတ်ကြောင်း။

မောင်းထောင်သာသနာပိုင်သည် တောင်ငူမင်းသား၏ဆရာတော်ကို ဥဘာတောဝိဘင်းကို ပြန်စေရာ၌ မရသဖြင့် သာသနာပိုင်က မြည်တွန်လေသည်။

တောင်ငူမင်းသားက 'သာသနာပိုင် မြည်တွန်ခြင်း လွန်လွန်းလှသည်။' -ဟု လျှောက်တင်လေရာ၊ သာသနာပိုင်က တောင်ငူမင်းသားကို ထ၍ ထောင်း လေတော့၏။ တောင်ငူမင်းသားက သာသနာပိုင်ကို ပြန်လည်ခုခံ လုံးထွေး သော။- ဟူ၏။ ယင်းသို့ဖြစ်ကြရာ၌ ပရိသတ်က 'တောင်အူကလည်း အူလွန်း၊ မောင်း ထောင်ကလည်း ထောင်လွန်း' ဟု ဆိုစမှတ် ပြုကြ၏။ ထိုသို့ ဆိုစမှတ် ပြုသော စကားသာ အမှန်ဖြစ်သည်။-ဟု 'မောင်းထောင်ရုပ်လုံးဖော်ဋ္ဌိကာ' စာအုပ်တွင် ဖော်ပြထားလေသည်။

## အမှန်ကား

မောင်းထောင် ပထမသာသနာပိုင် လူထွက်ကြောင်း၊ လူထွက်ပြီးနောက် အသက် ၇၉ နှစ်အထိ လူပျိုကြီးအဖြစ်နှင့်ပင် အဖော်မလျောက် တစ်ယောက်တည်း နေသွားခြင်းသည် အမှန်ဖြစ်၏။ သက္ကရာဇ် ၁၂၀၀ အတွင်း မွေးဖွားကြသော မောင်းထောင်ဇာတိ အဘိုးကြီး ,အဘွားကြီးများက ဤအတိုင်းပင် ပြောဆို ကြသည်။- ဟူ၏။

သာသနာပိုင်လူထွက်မှာ ၁၁၉၄ ခုနှစ်ကမှ ဘဝပြောင်းသွားသဖြင့် သာသနာပိုင်လူထွက်ကို မီကြသောသူများနှင့် အဆိုပါ အဘိုးအဘွားကြီးတို့ ဆက်မိကြသောကြောင့် 'အမှန်'ဟု ယူဆနိုင်ပေသည်။ ထို့ပြင်- ထိုအဘိုးအဘွား ကြီး တို့က ''တွင်းသင်းမင်းကြီးရဲ့ကတော်က 'မယ်ဘုံမြတ်'တဲ့။ စိန္တကျော်သူရဲ့ ကတော်က 'မယ်မင်းသာ' နှင့် 'မယ်ကေး'တဲ့။ မင်းတိုင်ပင်အမတ်ကြီး ဦးမြတ်နေမှာတော့ ကတော် မရှိဘူး။ တစ်ကိုယ်တည်း လူပျိုကြီးအဖြစ် နေသွား


mgyoe.com

mgyoe.com SAMPLE BOOK

တယ်။'' ဟူ၍ ပြောပြတတ်ကြလေသည်။-ဟူ၏။

## လူ့အဖြစ်နှင့် နေစဉ်

မဟာဓမ္မသင်္ကြံအမတ်ကြီးသည် လူ့အဖြစ်နှင့် နေစဉ်အတွင်း၌လည်း လောကဝတ်၊ ဓမ္မဝတ် ကျေပွန်စွာ ဆောင်ရွက်လေသည်။ တောင်းပန်လာသမျှသော လောကီ၊လောကုတ္တရာ ကျမ်းဂန်များကို ရေးသားလေသည်။ မေးလာသမျှသော ပြဿနာများကိုလည်း ဖြေဆို ရေးသားလေသည်။ မှန်နန်းရာဇဝင်တော်ကို ရေးစဉ်ကလည်း ပါဝင်ခဲ့ရလေသည်။

ဘဝရှင်ဘိုးတော်မင်းတရားကြီး နတ်ရွာစံပြီးနောက် ၁၁၈၁-ခုနှစ် မြေးတော်အိမ်ရှေ့မင်း နန်းတက်လေသည်။ ၁၁၈၃-ခုနှစ် ရတနာပုရ အဝမြို့ကို ထပ်မံ အသစ် တည်ထောင်တော်မူသည်။ 'ဘကြီးတော်' ဟူ၍လည်းကောင်း၊ 'ဖန်နန်းရှင်'ဟူ၍လည်းကောင်း တွင်သော ထိုမင်းလက်ထက်၌လည်း အမည်၊ ရာထူး၊ နေရာ၊ အဆောင်အရွက်၊ အစီးအနင်း၊ ဝန်စုအရာဌာန မနိမ့်ကျစေဘဲ ဗောင်းကတ္တီပါ၊ ရွှေသားဝတ်လုံ၊ ဖဲရုံ ၁ မိုက် ၁ ဆင်တပ်၊ ရွှေစလွယ် ၁၂ သွယ် ချီးမြှင့်တော်မူ၍၊ မင်းတိုင်ပင်အမတ်ကြီး ခန့်မြဲ ခန့်တော်မူလေသည်။

၁၁၉၂-ခုနှစ်၌ 'သွားတော် ၄၀၊ စွယ်တော် ၄ချောင်း' ဆိုသော စကားသည် အခြားစီ ဖြစ်သလား။ သွားတော် ၄၀ အပါအဝင် ဖြစ်သလား။' - ဟူသောအမေး ပေါ်ခဲ့ရာတွင်၊ အချို့ဆရာတော်များက 'သွားနှင့် စွယ်တော် အခြားပင်' ဖြစ်သည်။ အချို့ဆရာတော်များက 'စွယ်တော်သည် သွားတော် ၄၀ တွင် အပါအဝင်ဖြစ်သည်။'-ဟု ပြောကြသဖြင့် စကားကွဲလွဲလျက် ရှိနေရာ။

မဟာဓမ္မသင်္ကြံကိုမေးသည်တွင် အမတ်ကြီးက 'စတ္တာလီသသမာဒန္တာ' ဆိုသည့်အတိုင်း၊ စွယ်တော် ၄ ချောင်းသည် သွားတော် ၄၀ ၌ အပါအဝင်ဖြစ်ကြောင်း'-ကျမ်းဂန်အထောက်အထားဖြင့် ဖြေဆိုရလေသည်။

ထိုမှတစ်ပါးလည်း၊ 'ဝတ်မိုးဝတ်မြေနှင့် ပတ်သက်၍ အမေး ၅ ချက်ကို



mgyoe.com

mgyoe.com SAMPLE BOOK
ဖြေဆိုရခြင်း'- စသည်ဖြင့် များလှလေသည်။

ဤကဲ့သို့ 'မဟာဓမ္မသင်္ကြံ'ဘွဲ့ခံ 'ဦးမြတ်နေ' သည် လူဝတ်နှင့် လောကဝတ်,ဓမ္မဝတ် ပြောက်မြားစွာ ဆောင်ရွက်ကာဖြင့် နေထိုင်ခဲ့သည်မှာ ရှင်,လူအများ ပြည်သူပြည်သားတို့အတွက် အကျိုးများလှပေသည်။

## နောက်ဆုံးအချိန် ဘဝနိဂုံး

သက္ကရာဇ် ၁၁၉၄ ခုနှစ်သို့ ရောက်လာသည့်အခါ၌ အသက်ဆစ်အားဖြင့် ၇၉ နှစ်- ၈၀ အရွယ်သို့ ရောက်ရှိလာလေတော့သည်။ ထိုစဉ်အခါဝယ်-

'လိုလိုရာရာ၊ ပျော်မြူးပါအံ့၊
သာယာဦးလေး၊ မပြီးသေးခဲ့၊
ချစ်ရေးဤသို့၊ ပန်ထွာမြို့လည်း၊
တွန့်တိုမရှိ၊ တစိမညှာ၊
ရက်ရောစွာသား၊
ဇရာဓမ္မ၊ မရဏာဟု
ယက္ခနှစ်ပါး၊ သူသတ်စားသည်၊
သနားမေတ္တာ မဲ့မျိုးတည်း။
ထိုသို့ရက်ရော၊
အိုသဘောနှင့်၊ သေသောဟူသည်၊
သုဉ်းမည်ခန္ဓာ၊ အနိစ္စာကား၊
မကွာဘိုးဘွား၊ မြေးသားမကျွေ၊
နေပစေဟု၊


mgyoe.com

mgyoe.com SAMPLE BOOK

ရှောင်ထွေကြိုးကြား၊ ဘယ်သူအားလျှင်၊

ဆွေသား မှတ်ပေတော့အံ့နည်း။'- ဟူသော စတုဓမ္မသာရကိုးခန်းပျို့နှင့် အညီ မဟာဓမ္မသင်္ကြံ မင်းတိုင်ပင်အမတ်ကြီး ဦးမြတ်နေကို ဇရာ-အိုခြင်း သဘောက မရဏ-သေမင်းလက်တွင်း အပ်နှင်းလိုက်သဖြင့် မထသောအိပ်ခြင်း ဖြင့် အိပ်ရရှာလေပြီ။

## ရုပ်ကလာပ်ကို သင်္ဂြိုဟ်ခြင်း

သက္ကရာဇ် ၁၁၉၄ ခု ပြာသိုလပြည့်ကျော် ၄ ရက်နေ့ ရတနာပုရ ရွှေမြို့တော် သူဌေးတန်းရပ်ဝင်းတွင် မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ ကွယ်လွန်သည်။ မှူးကြီးမတ်ကြီးတို့ သင်္ဂြိုဟ်မြဲရှိသည့်အတိုင်း ထီးဖြူ၊ သန်လျင်းများနှင့် ခမ်းကြီးနားကြီး သင်္ဂြိုဟ်တော်မူသည်။

သုသောဓိတ ပဥ္စမတွဲ စာမျက်နှာ ၄၃၂။ 'မင်းလှသီဟသူ' ရေး ဆရာတော် ၁၀၅ ပါးစာရင်း ဦးရေ ၄၇။

ဘသန်း

၁၂-၂-၆၂

ဝဏ္ဏကျော်ထင် ဦးဘသန်း
ဒုတိယ စာပြင်မှူးချုပ်
ကမ္ဘာအေး၊ ရန်ကုန်မြို့
၁၃၂၃ ခု တပို့တွဲလဆန်း ၉ ရက်


mgyoe.com

m g y o e . c o m SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ဓမ္မောပဒေသကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပထမအပိုင်းအခန်း

**'မုနိန္ဒကြော တမံမောဟံ၊ ဟန္တွာ ဗောဓေသိ ပက်ဇ။**

**ဇနံ သဒ္ဓ ရုံသိဟိ၊ သော သမ္ဗာလေတု မံ ဇိနော။ ။'**

ယောမုနိန္ဒ ကြော၊ အကြင် 'ဘုရားတည်း' ဟူသော နေမင်းသည်။ သဒ္ဓမ္မ ရုံသိဟိ၊ 'တရားတည်း'ဟူသောရောင်ခြည်တို့ဖြင့်။ တမံမောဟံ၊ 'အဝိဇ္ဇာမောဟတည်း'ဟူသော အမိုက်ကို။ ဟန္တွာ၊ ပယ်ဖျောက်တော်မူ၍။ ပက်ဇဇနံ၊ 'ဝေနေယျတည်း'ဟူသော ကြာကို။ ဗောဓေသိ၊ သစ္စာ ၄ ပါးတရားကို သိစေသဖြင့် ပွင့်တော်မူပြီ။ ဇိနော၊ မာရ် ၅ ပါးကို အောင်မြင်တော်မူပြီးသော။ သောမုနိန္ဒကြော၊ ထို 'ဘုရားတည်း' ဟူသော နေမင်းသည်။ မံ၊ အကျွန်ုပ်ကို။ သမ္ဗာလေတု၊ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းခြင်း, အလိုဆန္ဒရှိသမျှ ပြီးစီးခြင်း အကျိုးငှာ ကောင်းစွာ မစတော်မူစေသတည်း။

ဤဂါထာဖြင့် ရေမြေ့သနင်း မင်းမှစ၍ မင်းညီမင်းသား, မှူးတော်မတ်တော်, မင်းချင်း, မင်းခစား- အမျိုး ၄ ပါးတို့၏ အကျိုးငှာ ကျမ်းဂန်လာ



mgyoe.com

mgyoe.com SAMPLE BOOK
တိုင်း 'ဓမ္မောပဒေသ' ကို ပြလိုရကား- ထောမနာပုဗ္ဗင်္ဂမ အာသီသကို လက်ဦး မဆွ ပြုသတည်း။

## ဆင့်ဆို ပန်ကြားခြင်းနှင့် ဂန္ထာရမ္ဘ

သက္ကရာဇ် ၁၁၉၁ ခု ကဆုန်လပြည့်ကျော် ၃ ရက်နေ့။

အတွင်းဝန်ဆော မြို့စားမင်းကြီး သီရိမဟာနန္ဒသင်္ကြံက ဇြဝတိုက်သံဆင့် ဇေယျသင်္ခယာကိုစေ၍ 'ပရမတ္ထတရားစု ဝိဂြိုဟ် ဝစနတ္ထအရ အဓိပ္ပာယ်များကို ထုတ်နုတ်ပြသ၍ လေ့လာ မှတ်သားရပေသည်မှာ ဓမ္မဝတ်ဓမ္မကြောင်းသာ ဖြစ်ပါသည်။ ရာဇဝတ်, လောကဝတ်ကြောင်းနှင့် ယှဉ်စပ်လျက် နေ့ညဥ့်မပြတ် အမှုတော်ကို ထမ်းရွက်ရပါသည်။ ရှေးဆရာတို့ စီရင်ရေးသားထားခဲ့သော ရာဇ ဝသတိ, ရာဇနီတိ၊ ပင်းယ ငါးစီးရှင်အမတ် စတုရင်္ဂဗလ စီရင်ရေးသားထားခဲ့ သော လောကနီတိများနှင့် ဝန်စဉ်မင်းရာဇာ[၁]တို့ ဆိုခဲ့သော ရာဇပုံ, ရာဇထုံးများကို လည်း နှလုံးသွင်းထားပါသည်။ ဆရာလည်း စာသိကျမ်းမြင် မင်းတိုင်ပင်အမတ် ဖြစ်သည်နှင့်အညီ၊ သင်္ဂါယနာတင်ကျမ်းဂန် သုတ္တန်ဇာတ်နိပါတ်များက ရေမြေ့ သခင် အရှင်မင်းဧကရာဇ် အကျိုးစီးပွားတော် သက်တော်ရှည်ရာသော အကြောင်း၊ မင်းညီမင်းသား, မှူးတော်မတ်တော်, မင်းချင်းမင်းခစား- အမျိုး ၄ ပါးတို့ မှတ်သားကျင့်ဆောင်ရန် ထုံးစံဥပဒေသ အကြောင်းများကို လက်ဆုပ်လက်ကိုင် နှုတ်တက်အာဂုံ လေ့လာ မှတ်သားလိုပါကြောင်း။'-နှင့် ဆင့်ဆိုပန်ကြားလာ သည်။

'ပရိယတ်ကို တတ်ကျွမ်းမှ ပဋိပတ်ကို ကျင့်နိုင်သည်။ အကျင့်ပဋိပတ် ရှိမှ ပဋိဝေဓကို ရသည်။ 'ပရိယတ်' ဟူသည်ကား စာပေကျမ်းဂန်၊ 'ပဋိပတ်' ဟူသည်ကား ကျမ်းဂန်လာအကျင့်၊ 'ပဋိဝေဓ' ဟူသည်ကား မဂ်, ဖိုလ်, နိဗ္ဗာန်။ ပရိယတ်ကြောင့် ပဋိပတ် ဖြစ်သည်။ ပဋိပတ်ကြောင့် ပဋိဝေဓ ဖြစ်သည်။ ဤသို့ ကျမ်းဂန်ဆိုသည့်အတိုင်း လောကဓမ္မရာဇအရေးအကြောင်း၌လည်း ထုံးစံ

---

၁။ 'ဝန်ဇင်းမင်းရာဇာ', 'ဝန်စင်းမင်းရာဇာ'။

mgyoe.com

mgyoe.com
SAMPLE BOOK
ဥပဒေကို သိကျွမ်းမှ အရေးအကြောင်း ၃ ပါးကို ရှက်ဆောင်နိုင်သည်။ ထုံးစံဥပဒေသနှင့်အညီ ဆောင်ရွက်မှ ပစ္စပွန်, တမလွန်- အကျိုး ၂ပါး ဖြစ်သည်။ ထုံးစံဥပဒေသသည် အရေးအကြောင်း ၃ ပါး၏အကြောင်း၊ ထုံးစံဥပဒေသနှင့်အညီ ရွက်ဆောင်ခြင်းသည် အကျိုး ၂ ပါး၏အကြောင်းတည်း။ ထို့ကြောင့်- 'မှတ်သားကျင့်ဆောင်ရန် ထုံးစံဥပဒေသ အကြောင်းများကို လက်ဆုပ်လက်ကိုင် နှုတ်တက်အာဂုံ လေ့လာမှတ်သားလိုပါကြောင်း။'- နှင့် ဆင့်ဆို ပန်ကြားသည့်အတိုင်း၊ အရှင်မင်းဧကရာဇ်မှစ၍ မင်းညီမင်းသား, မှူးတော်မတ်တော်, မင်းချင်းမင်းခစား- အမျိုး ၄ ပါးတို့ မှတ်သားကျင့်ဆောင်ရန် ထုံးစံဥပဒေသ- 'ဓမ္မောပဒေသ' စကားကို ထိုထိုကျမ်းဂန်မှ ထုတ်နုတ်၍ လက်ဆုပ်လက်ကိုင် နှုတ်တက်အာဂုံ လေ့လာမှတ်သားရုံမျှ ကျမ်းမည်ကမွည်း ညွှန်ပြလျက် သေချာစွာ ထုတ်နုတ် ရေးသားထားပေအံ့။

## ပဋိညာဉ်နှင့် ပထမကဏ္ဍ

ထိုသို့ ထုတ်နုတ်ရေးသားထားရာ၌လည်း

- ရေမြေသနင်း မင်းဧကရာဇ် အကျိုးစီးပွားတော် တရားစုနှင့် သက်တော်ရှည်ရာသော အကြောင်းများကို လက်ဦးစွာ ထုတ်နုတ်ရေးသားပြီးမှ

- မင်းညီမင်းသား, မှူးတော်မတ်တော်, မင်းချင်းမင်းခစား- အမျိုး ၄ ပါးတို့ မှတ်သားကျင့်ဆောင်ရန် ထုံးစံ- 'ဓမ္မောပဒေသ' စကားများကို ရာဇဝသတိ, အဝါရိကပဉ္စာ, သိင်္ဂါလောဝါဒသုတ်, ပရာဘဝသုတ်, ဓမ္မိကသုတ်, အာဠဝကသုတ်, သုဘာသိတသုတ်- အစရှိသော သုတ္တန်ကျမ်းများက ၂ ကြိမ်မြောက်။

- ၅၅၀ ဇာတ်နိပါတ်က ၃ ကြိမ်မြောက်။

- မဟာနိပါတ်ဇာတ် ၁၀စောင်က ၄ ကြိမ်မြောက်။


mgyoe.com

mgyoe.com SAMPLE BOOK

– ဓမ္မနီတိ, မဟာရဟာနီတိ, သင်္ကာရိုက်နီတိ– အစရှိသော နီတိကျမ်းများက ၅ ကြိမ်မြောက်။–[၁] ထုတ်နုတ်၍ ၅ ပိုင်း ၅ ခန်း အစီအစဉ်အားဖြင့် မှတ်သားဖွယ်ရှိလှသော စကားဆစ် စကားချက်ကိုသာ ကောင်းစွာရေးသား ထားပေအံ့သတည်း။

၁။ ဓမ္မနီတိ, မဟာရဟာနီတိ, သင်္ကာရိုက်နီတိ အစရှိသော နီတိကျမ်းများက ၅ ကြိမ်မြောက် ထုတ်နုတ်သော အပိုင်း ၅ အခန်း ၅ သည် ရှေးပုံနှိပ်မူများကတည်းက မပါခဲ့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK 

## မင်းတို့အမည်များကို ပြဆိုခြင်း

ထို ၅ ပိုင်း ၅ ခန်းတွင် ရေမြွေသနင်း မင်းကေရာဇ် အကျိုးစီးပွားတော် တရားစုအခန်းကား ဤသို့တည်း။

'ဓမ္မေန ပရေသံ ရဉ္ဇေတီတိရာဇာ။'

ယောဘူပါလော၊ အကြင်ရေမြေ့ရှင်သည်။ ဓမ္မေန၊ မင်းကျင့်တရား ၁၀ ပါးဖြင့်။ ပရေသံ၊ သူတစ်ပါးတို့အား။ ဝါ၊ သူတစ်ပါးတို့ကို။ ရဉ္ဇေတိ၊ စုံမက်မြတ်နိုးစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ စုံမက်မြတ်နိုးစေတတ်သော သတ္တိကြောင့်။ သောဘူပါလော၊ ထိုရေမြေ့ရှင်သည်။ ရာဇာ၊ 'ရာဇာ'မည်၏။ ဤကား အဂ္ဂညသုတ်၌ ဟောတော်မူသော ရွှေနှုတ်တော်ထွက် ပိဋကပ် ဝစနတ္ထတည်း။

'စတူဟိသင်္ဂဟာဝတ္ထူဟိဇနေ ရဉ္ဇေတီတိ ရာဇာ။'

ယောဘူပါလော၊ အကြင်ရေမြေ့ရှင်သည်။ စတူဟိ၊ ၄ ပါးကုန်သော။ သင်္ဂဟာဝတ္ထူဟိ၊ သဿမေဓ စသော သင်္ဂဟတရား၊ ဒါနပိယဝါစာ စသော သင်္ဂဟတရားတို့ဖြင့်။ ဇနေ၊ လူများတို့ကို။ ရဉ္ဇေတိ၊ စုံမက်မြတ်နိုးစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ စုံမက်မြတ်နိုးစေတတ်သော သတ္တိကြောင့်။ သောဘူပါလော၊



mgyoe.com

mgyoe.com SAMPLE BOOK

ထိုရေမြေ့ရှင်သည်။ ရာဇာ၊ 'ရာဇာ' မည်၏။ ။ ဤကား အဋ္ဌကထာဋီကာ များ၌ လာသော ဝိဂ္ဂြိုဟ်ဝစနတ္ထတည်း။

'ဝိသေသေန ရာဇတေ ဒိပ္ပတေတိ ရာဇာ။'

ယောဘူပါလော၊ အကြင် ရေမြေ့ရှင်သည်။ ဝိသေသေန၊ အထူးသဖြင့်။ ရာဇတေဒိပ္ပတေ၊ ထွန်းပတောက်၏။ ဣတိတသ္မာ၊ ထိုသို့ အထူးသဖြင့် ထွန်းပ တောက်သောသတ္တိကြောင့်။ သောဘူပါလော၊ ထိုရေမြေ့ရှင်သည်။ ရာဇာ၊ 'ရာဇာ' မည်၏။ ။ ဤကား အဘိဓာန်ဋီကာ၌ ဆိုသော ဝိဂ္ဂြိုဟ်ဝစနတ္ထတည်း။

* ဤသို့လျှင်၊ ပါဠိ၊ အဋ္ဌကထာ၊ အဘိဓာန်ဋီကာနည်းဖြင့် ပြအပ်သော ဝိဂ္ဂြိုဟ်ဝစနတ္ထ ၃ ချက်အရဖြစ်သော ရေမြေသနင်း မင်းတို့၏အမည်ကား ကမ္ဘာ ဦးကစ၍၊ 'မဟာသမ္မတ'အမည်၊ 'ရာဇာ'အမည်၊ 'ခတ္တိယ'အမည် ၃ ပါး ဖြစ်၏။

* ထိုမှနောက်၌ကား-

-ဘူပတိ၊

-ဘူပါလ၊

-ပတ္ထိဝ၊

-နရာသဘ,

-ဘူနာထ,

-ဇဂတိပါလ၊

-ဒိသမ္ပတိ၊

-ဇနာဓိပ၊

-ရဋ္ဌာဓိပ၊

-နရဒေဝ၊

-ဘူမိပါလ၊



mgyoe.com

mgyoe.com
SAMPLE BOOK

-ဘူဘုဇ။ ။ ဤအမည် ၁၂ ပါးသည် 'မင်း' ဟူသမျှမှာ ဖြစ်၏။

-ရာဇညာ၊

-ခတ္တိယ,

-ခတ္တ,

-မုဒ္ဓါဘိသိတ္တ,

-ဗာဟုဇ။ ။ ဤအမည် ၅ ပါး သည် အဘိသိက်ခံသော မင်း၌သာ ဖြစ်၏။

* စက္ကဝတ္တိ, သဗ္ဗဘုမ္မ။ ဤအမည် ၂ ပါးသည် စကြဝတေးမင်း၌သာ ဖြစ်၏။ ဤ ၂ပါးတွင် 'သဗ္ဗဘုမ္မ' အမည်ကို ရည်၍၊ 'ပျောက်တိမ်ရန်နိုပ်၊ လေးကျွန်းထိပ်ဝယ်၊ ဘုန်းရိပ်လွှမ်းခြုံ၊ သဗ္ဗဘုံသို့၊ အပုံအယင်၊ ဖြစ်လင့်ကစား၊' -ဟုဆိုလေသည်။

## ရေမြေသနင်း ၂ ပါး

ရေမြေသနင်းမင်းတို့၏ အပြားကား-

- ကမ္ဘာဦးက 'မနု' မည်သော မဟာသမ္မတမင်းက စ၍ဆင်းသက်သော မင်းမျိုးကား 'အာဒိစ္စဝံသ'။

- 'သောမ' မည်သောမင်းက စ၍ ဆင်းသက်သော မင်းမျိုးကား 'စန္ဒဝံသ'။

ဤသို့ အနွယ်အဆက်အားဖြင့် မင်းမျိုး ၂ ပါး ပြားကြောင်းကို ရာဇဘိသေကကျမ်း, နရသီဟပူရာဏ်ကျမ်းများ၌ ဆိုသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

## အရပ်စွဲမင်းမျိုး ၃ ပါး

တောင်သို့ အဦးတည်လျက် လှည်းဦးသဏ္ဌာန်တည်သော ဇမ္ဗူဒီပါကျွန်း မျက်နှာတွင်

- အရှေ့မြောက်ထောင့် မင်းမျိုးသည် အဿပတိ။
- အရှေ့တောင်ထောင့် မင်းမျိုးသည် နရပတိ။
- အနောက်တောင်ထောင့် မင်းမျိုးသည် ဂဇပတိ။

ဤသို့ အရပ်ဒေသအားဖြင့် မှတ်၍ မင်းမျိုး ၃ ပါးပြားကြောင်းကို သရောဒယ စသောကျမ်းများ၌ ဆိုသည်။

အနောက်မြောက်ထောင့်နှင့် မြောက်စူးစူးကား ဟိမဝန္တာတောတောင် ဖြစ်၍၊ လူတို့နေရာ မဟုတ်။ တူရူအရပ်များကိုလည်း အထောင့်အရပ်၌ အခန့်သင့် သွင်းလေ။

## မင်းမျိုး ၄ ပါး

- တစ်စိတ်တစ်ဒေသကို အစိုးရသော ပဒေသရာဇ်။
- တစ်ကျွန်းလုံးကို အစိုးရသော ဧကရာဇ်။
- ၄ ကျွန်းလုံးကို အစိုးရသော ဒီပရာဇ်။
- နတ်ပြည်တိုင်အောင် အစိုးရသော မဟာစက္ကရာဇ်။-ဟူ၍ မင်းမျိုး ၄ ပါး ပြားကြောင်းကို လောကပညတ္တိ စသော ကျမ်းများ၌ ဆိုသည်။

ဒီပရာဇ်ကား ပကတိစကြဝတေးမင်း၊ မဟာစက္ကရာဇ်ကား မန္ဓာတ်မင်း ကဲ့သို့ ထူးမြတ်သော ဘုန်းတန်ခိုးကြီးသော စကြာမင်းတည်း။

* ဤသို့ပြဆိုခဲ့ပြီးသော ၂ပါး, ၃ပါး, ၄ပါး အပြားရှိသော၊ ခပ်သိမ်းသော ရေမြေ့သနင်းမင်းတို့ ကျင့်ဆောင်အပ်သော၊ အကျိုးစီးပွားတော်ဖြစ်သော တရားစုကား

ပန်းရွှေပြည်စာအုပ်တိုက်
mgyoe.com

mgyoe.com
SAMPLE BOOK

### အပ္ပမာဒတရား

- အလုံးစုံသော သားမျိုးတို့၏ခြေရာသည် ဆင်ခြေရာ၌သာ ဝင်သကဲ့သို့၊ အကြွင်းမဲ့သော ပစ္စုပ္ပန်, တမလွန် အကျိုးစီးပွားအပေါင်း၏ သက်ဝင်ရာ ဖြစ်သည်။'-ဟူ၍ ကောသလသံယုတ်၌ ဟောတော်မူသော အမှုခပ်သိမ်း၌ မမေ့မလျော့သော အပ္ပမာဒတရား ၁ ပါး။

### လောကပါလတရား ၂ ပါး

- 'မကောင်းမှု၌ ရှက်ခြင်း'ဟူသော ဟိရီ၊ 'အပါယ်ဆင်းရဲ ငရဲဘေးမှ ကြောက်လန့်ခြင်း'ဟူသော သြတ္တပ္ပ- ဟူ၍ လောကကို စောင့်ရှောက်တတ်သော လောကပါလတရား ၂ ပါး။

### သတ္တိ ၃ ပါး

* အစိမ်း-အကျက် , အနီး-အဝေး မရွေးဘဲ ထုံးစံရှိတိုင်း ရာဇဒဏ်ပေးသော 'ပဘာဝသတ္တိ။'
- စပါးဆန်ရေ, ရွှေငွေရတနာ ဥစ္စာခမ်းနားကို အားထုတ်ဆည်းပူးသော 'ဥဿာဟသတ္တိ။'
- ပညာရှိပုရောဟိတ် ဗေဒင်တတ် ဆေးတတ်တို့နှင့် အမှုအခွင့်အားလျော်စွာ တိုင်ပင်နှီးနှောသော 'မန္တသတ္တိ။'- ဟူ၍ ၃ ပါး။

### မြစ်ခြင်း ၃ ပါး

* 'အမှုခပ်သိမ်း၌ မဟုတ်မမှန်သည်ကို မြစ်ခြင်း အဝိတထ။
- အမျက်ထွက်သည်ကိုမြစ်ခြင်း အကောဓ။


mgyoe.com

mgyoe.com SAMPLE BOOK

– ရယ်မောသွမ်းသွေးသည်ကို မြစ်ခြင်း အဟာသ။'– ဟူ၍ အရာ ငှိုင်း၌ သတိမူလျက် ရှေးဦးစွာ မြစ်ရာသော တရား ၃ ပါး။

## ရန်အောင်မြင်ရေး ၃ ပါး

* လိမ္မာခွင့်သိခြင်း–ဒက္ခ။

ရဲရင့်တည်ကြည်ခြင်း–သူရ။

စူးစမ်းမြော်မြင်ခြင်း–ပညာ'–ဟူ၍ ရန်အောင်မြင်ကြောင်း ၃ ပါး။

## ရန်အောင်မြင်ရေး ၄ ပါး

* 'တော်မှန်ခြင်း– သစ္စာ။

တရားကို ကျွမ်းကျင်သိမြင်ခြင်း– ဓမ္မ။

အားထုတ်စွမ်းဆောင်နိုင်ခြင်း– ဝီရိယ။

ကိုယ်နှင့် ဥစ္စာဘဏ္ဍာတို့ကို စွန့်စားဝံ့ခြင်း– စာဂ။'– ဟူ၍ ရန်အောင် မြင်ကြောင်း ၄ ပါး။

## ဥပါယ်မာယာ ၄ ပါး

* 'ဖျက်ဆီးနိုင်ခြင်း– ဘေဒ။

ဒဏ်ထားခြင်း– ဒဏ္ဍ။

ငြိမ်ဝပ်အောင် ပြုခြင်း– သာမ။

ပေးကမ်းချီးမြှင့်ခြင်း– ဒါန။'– ဟူ၍ ဥပါယ်မာယာ ၄ ပါး။

mgyoe.com

mgyoe.com SAMPLE BOOK

## မင်းကျင့် သင်္ဂဟ ၄ ပါး

* ၁၀ ဖို့ ၁ ဖို့သာ အခွန်ခံခြင်း- သဿမေဓ။

၆ လ ၁ ခါ ရိက္ခာ ပေးခြင်း- ပုရိသမေဓ။

၃ နှစ်လည်မှ အရင်းအတိုင်းကိုသာ ယူ၍ ကြွေးမြီချခြင်း- သမ္မာပါသ။

အကြမ်းအတမ်း မပြောမဆို သာယာချေင်စွာ ခေါ်ဝေါ်ပြောဆိုခြင်း ဝါစာပေယျ။-ဟူ၍ မင်းတို့ကျင့်ရာသော သင်္ဂဟ ၄ ပါး။

## အများကျင့်သင်္ဂဟ ၄ ပါး

* အမျိုး ၄ပါးတို့ကို ပေးကမ်းခြင်း- ဒါန။

ချိုချိုသာသာ ပြောဟောခြင်း- ပိယဝါစာ။

သူတစ်ပါးအကျိုးကို ကျင့်ဆောင်ခြင်း- အတ္ထစရိယာ။

ကိုယ်နှင့်ထပ်တူ ပြုတန်သသူကို ကိုယ်တူပြုခြင်း- သမာနတ္တတာ။ -ဟူ၍ အများကျင့်ရာသော သင်္ဂဟ ၄ ပါး။

## ရန်အောင်မြင်ကြောင်း ၅ ပါး

* မန္တရား မန္တန်စိတ်ခြင်း- ဇပ္ပ။

ဆွေးနွေးတိုင်ပင်ခြင်း- မန္တ။

အသာအယာပြောဆိုင်ခြင်း- သုဘာသိတ။

ထုံးစံစဉ်ဆက်ကို ပြည့်စွန်းခြင်း- ပဝေဏီ။

တံစိုးလက်ဆောင်ပေးခြင်း- အနုပ္ပဒါန။-ဟူ၍ ရန်အောင်မြင်ကြောင်း ၅ ပါး။


mgyoe.com

mgyoe.com
SAMPLE BOOK

ဗလ ၅ ပါး

* ဆင်ပြောင်,ခြသေ့် ရင်ဆိုင်တွေ့လည်း မဆုတ်မနစ်သော ဗာဟုဗလ။ ဥစ္စာဘဏ္ဍာအစုအပုံ ကုံလုံလောက်သော ဘောဂဗလ။ ရဲရင့်တည်ကြည်သော ရာထမ်းမှုထမ်း ဟူသော အမစ္စဗလ။ အမျိုးအနွယ် ကောင်းမြတ်မှန်ကန်၍ အသမ္ဘိန္နဖြစ်သော အဘိဇစ္စဗလ။

အရာခပ်သိမ်း၌ ခွဲခြမ်းစိတ်ဖြာနိုင်သော ပညာဗလ။-ဟူ၍ ၅ ပါး။

စကြာမင်းပညာ ၅ ပါး

* 'အကျိုးကိုသိသော အတ္ထညုတာ။
အကြောင်းကိုသိသော ဓမ္မညုတာ။
အတိုင်းအရှည်ကို သိသော မတ္တညုတာ။
အခါသမယကို သိသော ကာလညုတာ။
ပရိသတ်ကို သိသော ပရိသညုတာ။- ဟူ၍ စကြာမင်းတို့ ပညာ ၅ ပါး။

နာယကဂုဏ် ၆ ပါး

* မြေကြီးနှလုံးသုံး၍ သည်းခံချိခြင်း- ခမာ။
မြေကြီးပျောက်အံ့စိုး၍ မျောက်နိုးကြားသကဲ့သို့ ၁ ညဥ့် ၃ ကြိမ် နိုးကြားခြင်း- ဇာဂရိယ။
ခြသေ့်မင်းနှင့်အတူ ထကြွလုံ့လရှိခြင်း- ဥဋ္ဌာန။
'ဆုပ်သော် ဖရိုဖရဲ ကျဲသော် တထွေးလုံးလုံး' ဆိုရိုးထုံးဖြင့် ဝေဖန်

ပန်းရွှေပြည်စာအုပ်တိုက်
mgyoe.com

mgyoe.com SAMPLE BOOK

ခွဲခြမ်းခြင်း- သံဝိဘာဂ။

ကိုယ်တူမခြား နှလုံးထားလျက် သနားချစ်ခင်ခြင်း- ဒယာ။

မင်းစင်လျက်ကဲ့ အိုးသို့ရွဲ့က ပြည်တည့်အလုံး မှောက်သောထုံးကို စွဲသုံး မှတ်သား၍ မမှားမငြိအောင် ဆွေးနွေးစုံစမ်းခြင်း- ဣက္ခဏာ။

-ဟူ၍ အရှင်သူကြီးတို့ ကျင့်ရာသော နာယကဂုဏ် ၆ ပါး။

## အပရိဟာနိယတရား ၇ ပါး

၁- ၁ နေ့ ၃ ကြိမ် ညီလာခံ၍ စည်းဝေးတိုင်ပင်လေ့ရှိခြင်း- သန္နိပါတ။

၂- အမှုရေးရာရှိသောအခါ၌ ညီညာချပ်ချပ် တစ်ချောင်းအပ်ကို ကြပ်ကြပ်ဦးပဲ့ ထမ်းသကဲ့သို့ ညီညွတ်ခြင်း- သမဂ္ဂ။

၃- အစဉ်တစိုက် လာသော ထုံးတမ်း မဆန်းမပွား အစဉ်ရှိရာ ကျင့်ဆောင်ခြင်း- မညတ္တိပဋိပန္န။

၄- ပညာဂုဏ်ကြီးမြတ်သောသူတို့ ဆိုဆုံးမရာ ရိုသေစွာနာခံခြင်း- သုဝစ။

၅- သူ့သားသမီး, သူ့ဇနီးကို နိုင်ထက်မမူ မသိမ်းမယူခြင်း- အပသသယှ။

၆- အတွင်း, အပ မြို့ပြပြည်ရွာ စောင့်သောနတ်တို့အား ပသပူဇော်ခြင်း- ဗလိ။

၇- လာပြီးသော ရသေ့, ရဟန်းတို့ကို မွေ့လျော်အောင်၊ မလာသေးသော ရသေ့,ရဟန်းတို့ကို လာချင်အောင် တရားသဖြင့် ချီးမြှင့်စောင့်ရှောက်ခြင်း- ဂုတ္တိ။'- ဟူ၍ မဆုတ်မယုတ် တိုးပွားစိမ့်သော ၄၁ မင်းတို့ကို တိုင်တည်၍ ဟောတော်မူသော အပရိဟာနိယ ၇ ပါး။


mgyoe.com

mgyoe.com SAMPLE BOOK

'အပရိဟာနိယ' တစ်နည်းကား -

၁- ဘုရား၌ ရိုသေခြင်း-သတ္ထုဂါရဝတာ။

၂- တရား၌ ရိုသေခြင်း-ဓမ္မဂါရဝတာ။

၃- သံဃာ၌ ရိုသေခြင်း-သံဃဂါရဝတာ။

၄- အကျင့်၌ ရိုသေခြင်း-သိက္ခာဂါရဝတာ။

၅- စိတ်နှလုံး မြဲမြံတည်ကြည်သည်၌ ရိုသေခြင်း-သမာဓိဂါရဝတာ။

၆- ကောင်းမြတ်သော အဆွေခင်ပွန်းရှိခြင်း-ကလျာဏမိတ္တတာ။

၇- ဆုံးမ နာယူလွယ်ခြင်း-သောဝစဿတာ။-ဟူ၍ ချမ်းသာစီးပွား များစိမ့်သောငှာ ရဟန်းတို့ကို တိုင်တည်၍ ဟောတော်မူသော အပရိဟာနိယလည်း ၇ ပါး။

## သိကြားမင်းကျင့်ဝတ် ၇ ပါး

၁- မိဘကို လုပ်ကျွေးခြင်း- မာတာပိတုဥပဋ္ဌာနဂုဏ်။

၂- ဂုဏ်ကျေးဇူး အသက်အရွယ်ကြီးသော သူတို့ကို ရိုသေခြင်း- ဝုဍ္ဎာပစာယန။

၃- သိမ်မွေ့ နူးညံ့စွာ ခေါ်ဝေါ်ပြောဆိုခြင်း- သံဘာသန။

၄- ကုန်းတိုက်ချောပစ်သည်ကို ပယ်ခြင်း-ပေသုညပဟာယန။

၅- ဝန်တိုမိစ္ဆာမရှိခြင်း- မစ္ဆေရဝိနယ။

၆- စကားတော်မှန်ခြင်း- သစ္စာ။

၇- အမျက်ဒေါသကို ချုပ်တီးခြင်း- ကောဓာဘိဘဝန။-ဟူ၍ သိကြားမင်းတို့ကျင့်ဝတ် ၇ ပါး။


mgyoe.com

mgyoe.com SAMPLE BOOK

## ရာဇပြကတော့တရား ၇ ပါး

၁- ဘုန်း၊ လက်ရုံး၊ အာဏာ၊ ပညာ၊ သတ္တိရှိသော ပြည်ကြီးသနင်း 'မင်း' ဟူသော သာမိ။

၂- ရာထမ်းမှုထမ်း ကျင်ကျွမ်းလိမ္မာသော 'မှူးမတ်' ဟူသော အမစ္စ။

၃- တော်တည့် ဖြောင့်မတ်သော 'အဆွေခင်ပွန်းကောင်း' ဟူသော သခါ။

၄- အခဲအကျိ ပြည့်မျှရှိသော 'ကျီ၊ ကြ'ဟူသော ကောသ။

၅- မြို့၏တန်ဆာ ၇ ပါးနှင့် ပြည့်စုံခဲ့ယဉ်း စေ့မြေသော 'မြို့'ဟူသော ဒုဂ္ဂ။

၆- စည်ပင်ဝပြောသော တိုင်းကားနိုင်ငံ ဟူသော ဝိဇိတ။

၇- စစ်သည်ဗိုလ်ပါ 'စစ်အင်္ဂါ ၄ ပါး'ဟူသော ဗလ။-ဟူ၍ ရှုနှင် ၇ ပါး။ သည်ကိုပင် ရာဇပြကတော့ ၇ ပါးလည်း ဆိုသည်။

## ရာဇဂုဏ် ၈ ပါး

၁- သိကြားမင်းကဲ့သို့ နှိမ့်ချတန်သည် - ချီးမြှင့်တန်သည်ကို ဆင်ခြင်၍ နှိမ့်ချချီးမြှင့်ခြင်း - သတ္တသမဂုဏ်။

၂- နေမင်းကဲ့သို့ အရှိန်အစော်ကို ဖြစ်စေသင့်သော အချိန်အခါကို ထောက်၍ ဘုန်းတန်ခိုးအရှိန်အစော်ကို ပြုခြင်း- သူရိယသမဂုဏ်။

၃- လေကဲ့သို့ မထင်မရှား လျှို့ကပ်တတ်သော သူလျှိုကောင်းဖြင့် သူ့အကြံ အစည်ကို သိရအောင်ပြုခြင်း- ဝါတသမဂုဏ်။

၄- ယမမင်းကဲ့သို့ ချစ်သူ-မုန်းသူ၊ နီးသူ-ဝေးသူ မထောက်မညှာ ရာဇဒဏ်ပေးခြင်း-ယမသမဂုဏ်။


mgyoe.com

mgyoe.com SAMPLE BOOK

၅- ပင်လယ်သမုဒ္ဒရာကဲ့သို့ ဥစ္စာပစ္စည်းကို မတောင့်တဘဲ ဝင်မစဲဖြစ်စေခြင်း- သမုဒ္ဒသမဂုဏ်။

၆- လမင်းကဲ့သို့ မမြင်လည်းတ မြင်လည်းတ ရှိကြအောင် ရုံခါ မျက်နှာတော်ကို ဖူးမြော်စေခြင်း- စန္ဒသမဂုဏ်။

၇- မြေကြီးကဲ့သို့ ဆိုးကောင်းမရွေး ပြည်ရေးတိုင်းမှုကို ရွက်ဆောင်ခြင်း- ပထဝီသမဂုဏ်။

၈- ပဒ္မာနှံမိုးမင်းကဲ့သို့ ရွှင်လန်းစေလျက် ရာထမ်းမှုထမ်းတို့အား ဆုလာဘ်ပေးခြင်း- ပဒ္မာန္တသမဂုဏ်။-ဟူ၍ ရာဇဂုဏ် ၈ ပါး။

## နဝရတ်ဂုဏ် ၉ ပါး

၁- တိုင်းရေးပြည်မှု ကံ့တွင်အောင် မှူးကြီးမတ်ကြီး ဟူသော 'ပြည်ဦးကင်း' ကို မနှိမ်ခြင်း။

၂- သီလဝန်, ဂုဏဝန် ရဟန်းသူတော်ကောင်း ဟူသော 'ပြည်တံခွန်' ကို မလှဲခြင်း။

၃- အတိုအရှည် အရေးအခွင့်၌ လိမ္မာမြော်မြင်သော ဟူးရားသမား ဟူသော 'ပြည်မျက်စိ'ကို မဖောက်ခြင်း။

၄- သူ့မြို့သူ့ရွာ၌ အကြောင်းအရာကို သိသာအောင် ချောင်းမြောင်းတတ်သော သူလျှိုကောင်းဟူသော 'ပြည်နား'ကို မပိတ်ခြင်း။

၅- ရန်မြစ်ရန်ညွန့်ကို ခုတ်ဖြတ်နိုင်သော မင်းညီမင်းသား မင်းဆွေမင်းမျိုး ဟူသော 'ပြည်စွယ်' ကို မချိုးခြင်း။

၆- အရည်အချင်း အဆင်းအပြင်နှင့် ပြည့်စုံသော သမီးလုလင်ဟူသော 'ပြည်မျက်နှာ'ကို မဖုံးမလွှမ်းခြင်း။

mgyoe.com

mgyoe.com SAMPLE BOOK

၇- ကုံထံကြွယ်ဝသော သူဌေးသူကြွယ် ဟူသော 'ပြည်ဝမ်း'ကို မမွှေမခွဲခြင်း။

၈- အမှုထမ်း သူရဲသူခက်ဟူသော 'ပြည်ခြေ'ကို မချိုးမဖျက်ခြင်း။

၉- လက်နက်တန်ဆာ ကိရိယာဟူသော 'ပြည်လက်'ကို မပယ်မဖြတ်ခြင်း။-ဟူ၍ နဝရတ်ဂုဏ် ၉ ပါး။

## ရာဇဓမ္မ ၁၀ ပါး

၁- တမလွန် အကျိုးငှာ လှူဒါန်းခြင်း- ဒါန။

၂- ပဉ္စသီ ဆောက်တည်ခြင်း- သီလ။

၃- အမှုကိစ္စပြီးစေခြင်းငှာ စွန့်ကြဲပေးကမ်းခြင်း- ပရိစ္စာဂ။

၄- မယိမ်းမဖည် မြင်းမိုရ်တည်သကဲ့သို့ ဖြောင့်တန်းခြင်း- အဇ္ဇဝ။

၅- ကိုယ်,စိတ်နှလုံး နူးညံ့သိမ်မွေ့ခြင်း- မဒ္ဒဝ။

၆- ဥပုသ်ဆောက်တည်ခြင်း- တပ။

၇- အမျက်မထွက်ဘဲ မေတ္တာရှေးရှုခြင်း- အကောဓ။

၈- မညှဉ်းဆဲဘဲ ကရုဏာပွားစေခြင်း- အဝိဟိံသ။

၉- မြေကြီးနှလုံး သုံး၍ သည်းခံနိုင်ခြင်း- ခန္တီ။

၁၀- ပြည်သူပြည်သားတို့နှင့် တရားသဖြင့် မဆန့်ကျင်ခြင်း- အဝိရောဓန။-ဟူ၍ ကမ္ဘာစဉ်ဆက်လာသော ရာဇဓမ္မ ၁၀ ပါး။

## ဓမ္မဥ္စရ ၁၀ ပါး

၁- မိဘတို့၌ တရားကို ကျင့်ခြင်း။


mgyoe.com

mgyoe.com SAMPLE BOOK

၂- သားမယားတို့၌ တရားကို ကျင့်ခြင်း။

၃- မှူးမတ်ဆွေခင်ပွန်းတို့၌ တရားကို ကျင့်ခြင်း။

၄- စစ်ဗိုလ်ပါ, ဆင်လုံးမြင်းရင်းတို့၌ တရားကို ကျင့်ခြင်း။

၅- မြို့ရွာနိဂုံးသားတို့၌ တရားကို ကျင့်ခြင်း။

၆- ဇနပုဒ်တိုင်းကား နိုင်ငံသားတို့၌ တရားကိုကျင့်ခြင်း။

၇- ရဟန်း,ပုဏ္ဏားတို့၌ တရားကို ကျင့်ခြင်း။

၈- သားငှက်တိရိစ္ဆာန်တို့၌ တရားကို ကျင့်ခြင်း။

၉- တရားကို ကောင်းစွာ အလေ့အလာ ပြုခြင်း။

၁၀- တရားကို ကျင့်ရာ၌ မမေ့မလျော့ခြင်း။- ဟူ၍ ကမ္ဘာစဉ်ဆက် မင်းတို့ကျင့်မြဲ ဓမ္မဥ္စရ ၁၀ ပါး။

စကြာမင်းတို့ ကျင့်မြဲတရား ၁၀ ပါး

၁- အတွင်းသားဗိုလ်ပါတို့ကို စောင့်ရှောက်မစခြင်း။

၂- မင်းဆွေ မင်းမျိုးတို့ကို စောင့်ရှောက်မစခြင်း။

၃- မှူးမတ်တို့ကို စောင့်ရှောက်မစခြင်း။

၄- ပုဏ္ဏား, သူဌေးသူကြွယ်တို့ကို စောင့်ရှောက်မစခြင်း။

၅- နိဂုံးဇနပုဒ်သူတို့ကို စောင့်ရှောက် မစခြင်း။

၆- ရဟန်း သူတော်တို့ကို စောင့်ရှောက်မစခြင်း။

၇- သားငှက်တိရစ္ဆာန်တို့ကို စောင့်ရှောက်မစခြင်း။

၈- တိုင်းနိုင်ငံအတွင်း၌ မတရားသော အမူအရာကို မြစ်ခြင်း။

၉- ဥစ္စာမရှိသော သူတို့အား ဥစ္စာနှီးရင်း ပေးကမ်းခြင်း။

၁၀- ရဟန်းသူတော်တို့ထံ ကြည်အပ် ကျင့်အပ်သော တရားကို ဆွေးနွေး


mgyoe.com

မေးမြန်းခြင်း။- ဟူ၍ စကြာမင်းတို့ကျင့်မြဲတရား ၁၀ ပါး။

သည် ၁၀ ပါးတို့တွင် ပုဏ္ဏားနှင့် သူဌေးသူကြွယ်သားမျိုးနှင့် ငှက်မျိုးတို့ကို တခြားစီယူသော် စကြာမင်းတို့ ကျင့်မြဲတရား ၁၁ ပါး ဖြစ်၏။

တစ်နည်းလည်း- မတပ်မက်သင့်သောအရာ၌ မတပ်မက်ခြင်း၊ မသင့်တင့်သော ဥစ္စာကို မလိုချင် ခြင်း- ဤ ၂ ပါးကို ယခင် ၁၀ ပါး၌ထည့်သော် စကြာမင်းတို့ ကျင့်မြဲတရား ၁၁ ပါး ဖြစ်၏။

ဤသို့ဆိုခဲ့ပြီးသော ရေမြေသနင်း မင်းတရားတို့၌ အကျိုးစီးပွားတော်ဖြစ်သော တရားစုကိုကား ဇာတ်နိပါတ်, အဘိဓာန်စသော ထိုထိုကျမ်းဂန်မှ ထုတ်နုတ်ရေးသားထားကြသော စာပေအများ ရှိပြီဖြစ်၍ ဂါထာဗန္ဓပုဒ်ပါဌ်ပြလျက် အကျယ် မရေးသားပြီ။

သင်္ဂဟတရား ၄ ပါး, အပရိဟာနိယတရား ၇ ပါး, မင်းကျင့်တရား ၁၀ ပါးတို့ကိုသာ လက်ဆုပ်လက်ကိုင် နှုတ်တတ်အာဂုံ လေ့လာ မှတ်သားရုံမျှ ကျမ်းမည် ကမ္ပည်းညွှန်ပြလျက် သေချာစွာ ထုတ်နုတ် ရေးသားပေအံ့သတည်း။

■


mgyoe.com

mgyoe.com SAMPLE BOOK

## သင်္ဂဟတရား ၄ ပါး

### မင်းတို့ကျင့်ရသော ၄ ပါး

ရှေးမင်းတရားတို့လက်ထက် သင်္ဂဟတရား ၄ ပါးဖြင့် လူတို့အား သင်္ဂြိုဟ်မစကြောင်းကို ပြအပ်သောဂါထာ ကောသလသံယုတ် အဋ္ဌကထာ၊ အင်္ဂုတ္တရ သတ္တကနိပါတ်အဋ္ဌကထာ၊ သုတ္တနိပါတ် အဋ္ဌကထာများ၌-

**'ပေါရာဏက ဓမ္မိက ရာဇကာလေ ကိရ သဿမေဓံ ပုရိသမေဓံ သမ္မာပါသံ ဝါစာပေယျန္တိ စတ္တာရိ သင်္ဂဟ ဝတ္ထုနိ အဟေသုံ၊ ယေ ဟိ ရာဇာနော လောကံ သင်္ဂဏှိံသု'**- ဟူ၍ မိန့်တော်မူသည်။

'ပေါရာဏက ဓမ္မိက ရာဇကာလေ၊ ရှေး တရားစောင့်သောမင်းတို့ လက်ထက်၌။ သဿမေဓံ၊ သဿမေဓလည်း ၁ ပါး။ ပုရိသမေဓံ၊ ပုရိသမေဓ လည်း ၁ ပါး။ သမ္မာပါသံ၊ သမ္မာပါသလည်း ၁ ပါး။ ဝါစာပေယျံ၊ ဝါစာ ပေယျလည်း ၁ ပါး။ ဣတိ၊ ဤသို့။ စတ္တာရိ၊ ၄ ပါးကုန်သော။ သင်္ဂဟဝတ္ထုနိ၊ သင်္ဂဟဝတ္ထုတို့သည်။ အဟေသုံကိရ၊ ဖြစ်ကုန်သတတ်။ ယေဟိ၊ အကြင်သင်္ဂဟ ဝတ္ထုတို့ဖြင့်။ ရာဇာနော၊ မင်းတို့သည်။ လောကံ၊ လူအပေါင်းကို။ သင်္ဂဏှိံသု၊ သင်္ဂြိုဟ်ကုန်၏။'


mgyoe.com

mgyoe.com SAMPLE BOOK

ထို ၄ ပါးတို့တွင်

၁- ကောက်ပဲ စသော အတုတ်အခွန်တို့ကို ၁၀ ဖို့ ၁ ဖို့, ၁၀ စု ၁ စုသာ ခံယူခြင်းသည် 'သဿမေဓ' မည်၏။ အခွန်အတုတ်ကို ပြည့်စုံစိမ့်သောငှာ ပညာဖြင့် သင်္ဂြိုဟ်မစသည်။- ဟူလိုသည်။

၂- သူရဲကြီး, သူရဲကောင်းတို့အား ၆ လ ၁ ကြိမ် အစားရိက္ခာ မပြတ် ပေးခြင်းသည် 'ပုရိသမေဓ'မည်၏။ သူရဲသူခက် အချင်းအရင်းတို့ကို သိမ်းပိုက်အံ့သောငှာ ပညာဖြင့် သင်္ဂြိုဟ်မစသည် ဟူလိုသည်။ 'မဟာ ယောဓာနံ' ဟု ပါဠိ ရှိ၏။

၃- လူဆင်းရဲတို့အား စာရင်းထားပြီးလျှင် အသပြာ ၁၀၀၀ - ၂၀၀၀ မျှလောက်သော ကြေးငွေဥစ္စာ ပေးနှင့်၍ ၃ နှစ်လည်မှ အတိုးအတက်မရှိ အရင်းအတိုင်းသာ ခံယူခြင်းသည် 'သမ္မာပါသ' မည်၏။ လူတို့၏ နှလုံး၌ ကျော့ကွင်းဖွဲ့၍ ထားဘိသကဲ့သို့ မြဲစွဲစေသဖြင့် သင်္ဂြိုဟ်မစသည်။- ဟူလိုသည်။ ထမ်းပိုးခံယူခြင်းကို ဆိုကြသည်ကား ယခင်ကျမ်းဂန်များနှင့် မညီ။

၄- မျိုးမတ်, ကလန်, သံပျင်* အစရှိသောသူတို့ကို 'အမောင်', 'ဦးရီး' စသည်ဖြင့် သာယာချေင်စွာ ခေါ်ဝေါ်ပြောဆိုခြင်းသည် 'ဝါစာပေယျ' မည်၏။ ချစ်ကြည်မြတ်နိုးဖွယ်သော စကားဖြင့် သင်္ဂြိုဟ်မစသည်။- ဟူလိုသည်။

ဤသင်္ဂဟတရား ၄ ပါးဖြင့် သင်္ဂြိုဟ်မစသော မင်း၏ တိုင်းကားနိုင်ငံသည် စည်ပင်ဝပြော ငြိမ်းချမ်းသာယာ၏။ ဘေးကင်း၏။ ခိုးမှု မရှိ။ လူတို့ဝမ်းမြောက်ဝမ်းသာ ရင်ခွင်ထက် သားငယ်တို့ကို ကစားမြူးတူးစေလျက်၊ အိမ်တံခါး မပိတ်မဆို့ဘဲ ချမ်းသာစွာ နေရကုန်၏။- ဟူ၍ ဤသင်္ဂဟတရား ၄ ပါး၏ အကျိုးကို ပြအံ့သောငှာ-


mgyoe.com

mgyoe.com SAMPLE BOOK

'ဇဝံ စတူဟိ သင်္ဂဟဝတ္ထူဟိ သင်္ဂဟိတံ ရဋ္ဌံ ဣဒ္ဓ္ဓေဝ ဟောတိ ဖီတဥ္စ၊ ပဟူတန္နပါနံ ခေမံနိရုပ္ပဒ္ဒံ၊ မနုဿာ မောဒမာနာ ဥရေ ပုတ္တေ နစ္စန္တာ အပါရုတ ဃရာဝိဟရန္တိ၊ ဣဒံ ဃရဒွါရေသု အဂ္ဂဠာနံ အဘာဝတော နိရဂ္ဂဠန္တိ ဝုစ္စတိ၊ အယံ ပေါရာဏိကာ ပဝေဏီ'
-ဟူ၍ ယခင်အဋ္ဌကထာတို့၌ မိန့်တော်မူသည်။

ဇဝံ၊ ဤသို့။ စတူဟိ သင်္ဂဟဝတ္ထူဟိ၊ သင်္ဂဟဝတ္ထု ၄ ပါးတို့ဖြင့်။ သင်္ဂဟိတံ၊ သင်္ဂြိုဟ်မစအပ်သော။ ရဋ္ဌံ၊ တိုင်းနိုင်ငံသည်။ ဣဒ္ဓ္ဓေဝ၊ ဝပြောသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဖီတဥ္စ၊ စည်ပင်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ပဟူတန္နပါနံ၊ များသော ထမင်း,အဖျော် ရှိသည်။ ခေမံ၊ ဘေးမရှိသည်။ နိရုပ္ပဒ္ဒံ၊ ခိုးသူ မရှိသည်။ ဟောတိ၊ ဖြစ်၏။ မနုဿာ၊ လူတို့သည် မောဒမာနာ၊ ဝမ်းမြောက်ကုန်သည် ဖြစ်၍။ ဥရေ၊ ရင်ခွင်၌။ ပုတ္တေ၊ သားငယ်တို့ကို။ နစ္စန္တာ၊ ကစေ ကုန်လျက်။ အပါရုတဃရာ၊ တံခါးမပိတ်သောအိမ် ရှိကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေရကုန်၏။ ဣဒံ၊ ဤသို့နေရခြင်းကို။ ဃရဒွါရေသု၊ အိမ်တံခါးတို့၌။ အဂ္ဂဠာနံ၊ တံခါးရွက်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ နိရဂ္ဂဠန္တိ၊ 'နိရဂ္ဂဠ' မည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အယံ၊ ဤသို့ သင်္ဂဟတရား ၄ ပါးတို့ဖြင့် သင်္ဂြိုဟ်မစခြင်းသည်။ ပေါရာဏိကာ၊ ရှေး၌ဖြစ်သော။ ပဝေဏီ၊ ထုံးစံတည်း။

ယင်းသည့် သင်္ဂဟတရား ၄ ပါးတို့ဖြင့် သင်္ဂြိုဟ်မစမှ ဆိုခဲ့ပြီးသော အကျိုးနှင့် ပြည့်စုံသည်။ မသင်္ဂြိုဟ် မ,မစသော် မပြည့်စုံ။-ဟု သတိအမြဲ စွဲပါကုန်။

## အများသူတို့ ကျင့်ရာသော ၄ ပါး

ခပ်သိမ်းသောသူတို့ ကျင့်ဆောင်ရာသော သင်္ဂဟတရား ၄ ပါး။- တစ်နည်းကို ပြတော်မူအံ့သောငှာ-


mgyoe.com

mgyoe.com SAMPLE BOOK

'ဒါနဉ္စ ပိယ-ဝဇ္ဇဉ္စ၊ အတ္ထစရိယာ ယာဣဓ။

သမာ န-တ္တတာစမွေသု၊ တတ္ထတတ္ထ ယထာရဟံ။ ။'

-ဟူ၍ သိင်္ဂါလောဝါဒသုတ် စသည်၌ ဟောတော်မူသည်။

'ဒါနဉ္စ၊ ပေးကမ်းခြင်း။ ပိယ-ဝဇ္ဇဉ္စ၊ ချစ်စဖွယ် ပြောဆိုခြင်း။ ဣဓ၊ ဤလောက၌။ ယာ အတ္ထစရိယာ၊ အကြင် သူတစ်ပါးအကျိုးစီးပွားကို ကျင့်ခြင်း။ တတ္ထတတ္ထဓမ္မေသု၊ ထိုထိုအကျိုးအကြောင်းတို့၌။ ယထာရဟံ၊ ထိုက်သည့်အလျောက်။ သမာန-တ္တတာ၊ ကိုယ်တူမှုခြင်း။ ဣတိ၊ ဤသို့။ သင်္ဂဟဝတ္ထူနိ၊ သင်္ဂဟဝတ္ထုတို့သည်။ စတုဗ္ဗိဓာနိ၊ ၄ ပါး အပြားရှိကုန်၏။'

ထို ၄ ပါးတို့တွင်

၁- ခပ်သိမ်းသောသူတို့အား ကုသိုလ်ကို လို၍ လည်းကောင်း၊ တစ်စုံတစ်ခု အမှုအကြောင်းကို ထောက်၍ လည်းကောင်း၊ ပေးကမ်းခြင်းသည် 'ဒါန'မည်၏။

မင်းကျင့်တရား ၁၀ ပါးတွင်ကား ကုသိုလ်ကိုလို၍ ပေးလျှင် 'ဒါန'၊ တစ်စုံတစ်ခု အမှုကို ထောက်၍ပေးလျှင် 'ပရိစ္စာဂ' ဟူ၍ ၂ပါး ပြားသည်။ ဤမှာကား အပြားမရှိ။

၂- 'အမောင်', 'ဦးရီး' စသဖြင့် သာယာချေင်စွာ ခေါ်ဝေါ်ပြောဆိုခြင်းသည် 'ပိယဝါစာ' မည်၏။

၃- သူတစ်ပါးတို့၏ အကျိုးစီးပွားဖြစ်အောင် ကျင့်ဆောင်ခြင်းသည် 'အတ္ထစရိယာ' မည်၏။

၄- ကိုယ်တူ ပြုတန်သသူကို ကိုယ်တူမှုခြင်းသည် 'သမာနတ္တတာ' မည်၏။

ဤသင်္ဂဟတရား ၄ ပါးနှင့် ပြည့်စုံသူတို့အား မျက်မှောက် ပစ္စုပ္ပန်တွင်လည်း ကျေးဇူးသတင်း ကျော်စောခြင်းသို့ ရောက်၏။ ရေမြေသခင် အရှင်စိုးမင်း


mgyoe.com

mgyoe.com SAMPLE BOOK
တို့၏ အရောင်အဝါ အရှိန်အစော် တံခွန်သဖွယ် ဖြစ်၏။

နောင်တမလွန်၌လည်း နူးညံ့သိမ်မွေ့သော လက်,ခြေရှိခြင်း-မုဒုတလုဏဟတ္ထပါဒ လက္ခဏာ၊ ကွန်ရက် နှင့်တူသော လက်,ခြေရှိခြင်း- ဇလဟတ္ထပါဒ လက္ခဏာ၊ ဤယောက်ျားမြတ်တို့၏ လက္ခဏာ ၂ ပါးနှင့် ပြည့်စုံသောအကျိုး ရှိသည်။-ဟူ၍ လက္ခဏာသုတ်၌ ဟောတော်မူသည်။

သင်္ဂဟတရား ၄ ပါး ပြီး၏။

■


mgyoe.com

mgyoe.com SAMPLE BOOK

## အပရိဟာနိယ တရား ၇ ပါး

ဝေသာလီပြည် အာနန္ဒကစေတီ၌ နေတော်မူသောအခါ လိစ္ဆဝီမင်းတို့အား မင်းတို့ကျင့်မြဲဖြစ်သော အပရိဟာနိယတရား ၇ ပါးကို သဗ္ဗညုဘုရားဟောကြားတော်မူသည်။ အကျဉ်းဂါထာကား–

'သန္နိပါတော သမဂ္ဂေါစ၊ ပညတ္တိ·ပဋိပဇ္ဇနံ။

သုဝစော အပသယှော စ၊ ဗလိဂုတ္တိစ သတ္တိ·မေ။ ။'

'သန္နိပါတော၊ အစည်းအဝေးများခြင်း။ သမဂ္ဂေါစ၊ တညီတညွတ်စည်းဝေးထကြွခြင်း။ ပညတ္တိ·ပဋိပဇ္ဇနံ၊ ရှေးမင်းတို့ထားခဲ့တိုင်းသာ ကျင့်ခြင်း။ သုဝစော၊ ကြီးသောသူတို့ ဆုံးမရာ နာခံခြင်း။ အပသယှော စ၊ အမျိုးသမီးတို့ကို အနိုင်အထက် မသိမ်းခြင်း။ ဗလိစ၊ ထုံးစံရှိတိုင်း နတ်တို့ကို ပသခြင်း။ ဂုတ္တိစ၊ ရဟန်းသင်္ဃာတို့အား စောင့်ရှောက်ခြင်း။ ဣမေသတ္တ၊ ဤ ၇ ပါးတို့တည်း။'
ဤ ၇ ပါးတို့တွင်


mgyoe.com

mgyoe.com SAMPLE BOOK

၁- သန္နိပါတ

မင်းညီမင်းသား၊ မှူးမတ်၊ ကလန်၊ သံပျင် အပေါင်းတို့နှင့် ၁ နေ့ ၃ ကြိမ် ညီလာခံခြင်း၊ အမြဲ အစည်းအဝေးခြင်းသည် လည်းကောင်း၊ ထိုမှအပ တစ်စုံတစ်ခု အမှုအခင်း အထူးရှိသောအခါ အကြား အကြား၌ စည်းဝေးခြင်း သည် လည်းကောင်း 'သန္နိပါတ'မည်၏။

ထိုသို့ မပြတ် ညီလာခံခြင်း၊ စည်းဝေးခြင်းရှိမှ အရပ် ၄ မျက်နှာက ရောက်လာသော သတင်းစကားကို ကြားရကုန်ရာ၏။ မရှိသော် မကြားရကုန်ရာ။ ထိုသို့ကြားရမှ ဤမည်သော ရွာ၊ ဤမည်သော နိဂုံး ထုံးစံနယ်နိမိတ် အပိုင်း အခြားသည် ယိုယွင်းခြင်း၊ ဘေးရန် စစ်မက်ကင်းခြင်း ဖြစ်၏။ ဤမည်သော အရပ်၌ သူခိုးဓားပြ ထ၏ အစရှိသော အကြောင်းအရာကို သိရကုန်ရာ၏။ မကြားသော် မသိရကုန်ရာ။ ထိုသို့သိရမှ အသင့်အတင့် ခန့်ထားစီရင်သဖြင့် 'မင်းတို့ မမေ့မလျော့ကုန်'ဟု အမှတ်ရှိ၍ မြို့ရွာ နိဂုံး စသည်များ၌ နယ်နိမိတ် အပိုင်းအခြား မယိုယွင်းခြင်း၊ ဘေးရန်ကင်းခြင်း၊ ခိုးသူဓားပြ မထခြင်း အစ ရှိသည် ဖြစ်လေ၏။ ထိုသို့ဖြစ်သဖြင့် ချမ်းသာစီးပွား မဆုတ်မယုတ် တိုးပွား ရာသောကြောင့် ညီလာခံ ခြင်း၊ စည်းဝေးခြင်း-သန္နိပါတသည် 'အပရိဟာ နိယ'တရား မည်၏။- ဟူလို သော်။

ရှေးမင်းတို့လက်ထက် ညီလာခံချိန်၊ စည်းဝေးချိန်၌ တီးသောစည်ကြီး ရှိကြောင်း- သုတ်မဟာဝါအဋ္ဌကထာ၊ အင်္ဂုတ္တရ သုတ္တနိပါတ်အဋ္ဌကထာများ၌ ဆိုသည်။

၂- သမဂ္ဂ

တစ်စုံတစ်ခုသော အမှုအခင်းရှိ၍ စည်းဝေးချိန် ရောက်လတ်သော် 'ယနေ့ ငါ့မှာ ဤမည်သော အမှုရှိ၏။'ဟု အခြားအမှုကို မယိုးမယ်ဘဲ၊ ထမင်း စားဆဲ၊ ဝတ်စားတန်ဆာ ဆင်ဆဲပင် ဖြစ်လင့်ကစား ပြီးသမျှနှင့်ပင် အချိန်ရောက်


mgyoe.com

mgyoe.com SAMPLE BOOK
လျှင်ရောက်ချင်း တညီတညွတ် စည်းဝေးလာခြင်းသည် လည်းကောင်း၊ ထသော အခါလည်း မဦးမချွတ် မရှေးမနှောင်း တညီတညွတ်ထခြင်းသည် လည်းကောင်း၊ ပြည်ရေးရွာမှုရှိသောအခါ 'ငါရှေ့သွားမည်၊ ငါရှေ့ဆောင်မည်' ဟု သူ့ထက်ငါ အညီအညာထခြင်းသည် လည်းကောင်း၊ တစ်ဦးသောသူအား အမှုရှိသော် မည်သူ ဖြစ်လတ္တံ့'ဟု အခြားသူကို မခိုင်းမပယ် ညီညာထကြွ ဆောင်ရွက်ခြင်းသည် လည်းကောင်း 'သမဂ္ဂ' မည်၏။

ထိုသို့ တညီတညွတ်စည်းဝေး၍ တညီတညွတ်ထမှ အစ- အလယ်- အဆုံး အမှုအားလုံးကို ချက်ကုန်ရှိမဲ့သရွေ့ ကြားသိရသဖြင့် နှလုံးကွဲပြားခြင်း မဖြစ်လေ။ ထိုသို့ မကြားမသိရမှုကား အလျင် နေနှင့်သသူတို့ အခြားစကားကို ပြောနှင့်နိုးနိုး၊ နောက် ထသသူတို့သည် အခြားစကားကို ပြောရစ်နိုးနိုး ထင်မှတ်၍ နှလုံးကွဲပြားခြင်း ဖြစ်လေ၏။ ထိုသို့ နှလုံးကွဲပြားသော် ဝဿကာရပုဏ္ဏား ဖျက်ဆီးသောအားဖြင့် လိစ္ဆဝီမင်းသားတို့ ကွဲပြားလေသကဲ့သို့ နှလုံးကွဲပြား၍ မညီမညွတ် ဖြစ်တတ်သတည်း။

ပြည်ရေးရွာမှု ဥပဒ်ဘေးဒဏ် ရှိသောအခါ သူ့ထက်ငါ အညီအညာ ထကြွမှုလည်း မဖြစ်သေးသောဘေးရန် မဖြစ်မီ၊ ဖြစ်ပြီးသောဘေးရန် မပွားမီ ငြိမ်းစေနိုင်ရာသတည်း။ တစ်ဦးသောသူအား အမှုရှိသောအခါ ညီညာ ဆောင်ရွက် ကလည်း မပြီးနိုင်သော အမှုအခင်းမည်သည် မရှိရာ။ ရွယ်တိုင်း ပြီးလေရာ သတည်း။

ထိုသို့ ညီညွတ်သဖြင့် အမှုအခင်းပြီးစီး၍ ချမ်းသာစီးပွား မဆုတ်ယုတ် တိုးပွားရာသော အကြောင်းညီညွတ်ခြင်း သမဂ္ဂသည် 'အပရိဟာနိယတရား' မည်၏။- ဟူလိုသော်။

## ၃- ပညတ္တိ ပဋိပန္န

ရှေးမင်းတရားတို့ ပညတ် ထိန်းမှတ်ခဲ့သော ၁၀ ဖို့ ၁ဖို့, ၁၀ စု ၁စု


mgyoe.com

 mgyoe.com SAMPLE BOOK 

မြေဆီမြေခွန် လျော်ကြေးလျော်ဒဏ် အစရှိသည်ကို မနုတ်မပယ်မူ၍ ပညတ်ထိန်းမှတ်ခဲ့တိုင်းသာ ကျင့်ဆောင်ခြင်းသည် 'ပညတ္တိ ပဋိပဇ္ဇန' မည်၏။

ထိုသို့ ပညတ်ထိန်းမှတ်ခဲ့သည်ထက် သာလွန်၍ ကောက်ခံချေသော် အတုတ်အခွန် လျော်ဒဏ်အစီအရင်ဖြင့် နှိပ်စက်ကုန်ရကား ပြည်သူတိုင်းသားတို့သည် ပစ္စန္တရာဇ်အစွန်အနားသို့ ပြေးသွားပုန်းအောင်းခြင်း၊ သူခိုးဓားပြတို့ အဖော်သဟဲပြု၍ ပြည်ရွာဖျက်ဆီးခြင်း စသဖြင့် မငြိမ်မဝပ် ရှိလေရာ၏။

ပညတ် ထိန်းမှတ်ခဲ့သည်အတိုင်းက အောက်ယုတ်လျော့၍ အတုတ်အခွန် အလျော်ကြေးဒဏ် ခံယူခြင်းသည်လည်း ရှေးမင်းတရားတို့ ပညတ်ထိန်းမှတ်ခဲ့သည်ကို နုတ်ပယ်သည်ပင် မည်၏။ ထိုသို့ အယုတ်အလျော့ ခံယူသဖြင့် နုတ်ပယ်ချေသည်ရှိသော် ရမြဲသော အတုတ်အခွန်ကို မရသောကြောင့် ရွှေတိုက် ငွေတိုက် ဘဏ္ဍာကျိုကြ မပြည့်မကြွယ်သည်ဖြစ်၍ မောင်းမမိဿံ, စစ်သည်ဗိုလ်ပါ, ဆင်လုံးမြင်းရင်းတို့အား ပေးမြဲရိက္ခာဖြင့် မထောက်ပံ့နိုင်ရကား စစ်ထွက်ခြင်း, အမှုကြီးငယ် ရွက်ဆောင်ခြင်း မပြီးစီးလေရာ။

ဤသို့ ရှေးမင်းတရားတို့ ပညတ်ထိန်းမှတ်ခဲ့သည်က သာလွန်သော် အပြစ်မကင်း၊ ယုတ်လျော့သော် အပြစ်မလွတ် ရှိခဲ့ရကား- မသာလွန် မယုတ်လျော့စေမူ၍ ပညတ်ထိန်းမှတ်ခဲ့သည့်အတိုင်းသာ တည်ခြင်း၊ အသစ် မပညတ်မထိန်းမှတ်ခြင်း- ပညတ္တိပဋိပဇ္ဇနသည် ဆိုခဲ့ပြီးသော အပြစ်အပေါင်းတို့မှ ကင်းလွတ်၍ ချမ်းသာခြင်းပွား မဆုတ်မယုတ် တိုးပွားသောကြောင့် 'အပရိဟာနိယတရား' မည်၏ ဟူလိုသော်။

ဤအရာတွင် ရှေးမင်းတရားတို့လက်ထက် 'ခိုးသူ' ဟူ၍ပင် ဆက်လာသော်လည်း မစီရင်တည့်ဦးဘဲ စစ်ဆေးမေးမြန်းသောအရာ၌ တည်ကုန်သော အမတ်ကြီးတို့အား အပ်နှင်း၍ မဟုတ်လျှင် လွတ်စေသည်။ ဟုတ်စနိုးလျှင် တစ်စုံတစ်ခု မဆိုမူ၍ တရားဆုံးဖြတ်သော အမတ်ကြီးတို့အား အပ်ပြန်ရသည်။ အမတ်ကြီးတို့လည်း မဟုတ်လျှင် လွတ်၍ ဟုတ်စနိုးလျှင် အတွင်းအမှုဆောင်


mgyoe.com

mgyoe.com SAMPLE BOOK

အမတ်တို့အား အပ်ပြန်ရသည်။ ဤသို့ အဆင့်ဆင့် အဂတိ ၄ ပါး မထားတတ်သော အမျိုးအနွယ်အားဖြင့် စစ်ဆေးမေးမြန်းသည့်အရာ၌ တည်ကုန်သော ၈ ယောက်သော အမတ်တို့အား လည်းကောင်း၊ စစ်သူကြီးအား လည်းကောင်း၊ အိမ်ရှေ့မင်းအား လည်းကောင်း အပ်ပြန်၍ စစ်ဆေးပြီးမှ မဟုတ်လျှင် လွှတ်၍၊ ဟုတ်စနိုးလျှင် မင်းဧကရာဇ်အား ဆက်ရသည်။ မင်းဧကရာဇ်လည်း စိစစ်ပြီးမှ မဟုတ်လျှင်လွှတ်၍၊ ဟုတ်စနိုးလျှင် ပဝေဏီထုံးစံ စာတမ်းကို ဖတ်ရွတ်စေ၍ 'အကြင်သူသည် ဤမည်သောအမှုကို ပြု၏။ ထိုသူအား ဤမည်သော ဒဏ်တည်း။' ဟု ထွက်ဆိုသည်နှင့်အညီ စီရင်လေသည်။

ဤအတူ အမှုခပ်သိမ်းကို စိစစ် စီရင်ရာသည်ဟု သုတ်မဟာဝါ အဋ္ဌကထာ၊ အင်္ဂုတ္တရအဋ္ဌကထာတို့၌ လာသည်။

၄- သုဗ္ဗစ

ဂုဏ်အရွယ်ကြီးမြတ်သသူတို့ကို ရိုသေလေးမြတ်စွာ ပဲ့ပြင်ဆုံးမရာ လိုက်နာခံယူခြင်းသည် 'သုဗ္ဗစ'မည်၏။

ထိုသို့ ပဲ့ပြင်ဆုံးမရာကို လိုက်နာယူမှ 'ရှေးထုံးရှေးနည်း ရှိသတည်း' ဟု ကြားသိရသဖြင့် မင်းနွယ်မင်းစဉ်ကို အရှည် တည်စေနိုင်ရာ၏။ ပဲ့ပြင်ဆုံးမရာ မလိုက်နာ မခံယူဘဲ ကစားမြူးထူးခြင်း ဖြင့်သာ ကာလကို လွန်စေသည်ရှိသော် မင်းနွယ်မင်းစဉ်ကို အရှည်မတည်စေ နိုင်ရာ။ ထိုသို့ ပဲ့ပြင်ဆုံးမရာ လိုက်နာခံယူခြင်း -သုဗ္ဗစ သည် ချမ်းသာစီးပွား မဆုတ်ယုတ် တိုးပွားရာသောကြောင့် 'အပရိဟာ နိယ' မည်၏ ဟူလိုသော်။

၅-အပသယှ

အမျိုးမိန်းမ အမျိုးသမီးတို့ကို အနိုင်အထက် မသိမ်းမယူခြင်းသည် 'အပသယှ' မည်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ မသိမ်းဆည်းထိုက်သသူတို့ကို အလိုမတူ သိမ်းယူချေသော် လူတို့ နှလုံးမသာသဖြင့် ရပ်ကြီးပြည်ကို စွန့်၍ ပစ္စန္တရာဇ် အစွန်အနားသို့ သက်ဝင်ခြင်း၊ ခိုးသူဓားပြတို့ အဖော်အပေါင်းဖြစ်၍ တိုင်းကားပြည်ရွာကို ဖျက်ဆီးခြင်း စသည်ဖြင့် မငြိမ်ဝပ် ဖြစ်လေရာ၏။ ထိုသို့ မသိမ်းမယူမှုကား ထိုအပြစ်အပေါင်း မဖြစ်လေရာ။ ဤအမျိုးမိန်းမ အမျိုးသမီးတို့ကို နိုင်ထက်မမူ မသိမ်းယူခြင်း- အပသယှသည် စီးပွားချမ်းသာ မယုတ် တိုးပွားရာသောကြောင့် 'အပရိဟာနိယတရား' မည်၏ ဟူလိုသော်။

၆- ဗလိ

မြို့တွင်းမြို့ပ ပူဇော်ပသကို ခံမြဲဖြစ်သော နတ်တို့ကို ပူဇော်ပသခြင်း၊ တရားနှင့်လျော်သော ပေးမြဲအတုတ်အခွန်ကို မယုတ်မလျော့စေခြင်း-မပြုသည် ရှိသော်၊ ထို အပူဇော်အပသကို ခံမြဲဖြစ်သောနတ်တို့သည် ကောင်းစွာ မစောင့် ရှောက်လေကုန်။ အားကြီးသောဆင်းရဲကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်ကုန်မူလည်း ချောင်းဆိုး၊ ဦးယည်း စသော တစ်စုံတစ်ခုသောအနာများကို ပွားစေတတ်ကုန်၏။ စစ်ထွက်သော် လည်း အဖော်သဟဲ မပြုလေကုန်။

ပူဇော်ပသမြဲ ပူဇော်ပသခြင်း၊ အတုတ်အခွန် မယုတ်မလျော့စေခြင်းကို ပြုသည်ရှိသော်ကား ကောင်းစွာ စောင့်ရှောက်ပေကုန်၏။ အားကြီးသောချမ်းသာ ကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်ကုန်မူလည်း ချောင်းဆိုး၊ ဦးယည်းစသော တစ်စုံတစ်ခု အနာများကို ဖျောက်ပယ်တတ်ကုန်၏။ စစ်မြေပြင်၌လည်း အဖော်သဟဲ ပြုပေကုန်၏။

ဤသို့ မြို့တွင်း မြို့ပ ပူဇော်ပသမြဲဖြစ်သော နတ်တို့ကို ပူဇော်ပသခြင်း- တရားနှင့်လျော်သော အတုတ် အခွန်ကို မယုတ်မလျော့စေခြင်း-ဟူသော ဗလိ သည် စီးပွားချမ်းသာ မဆုတ်မယုတ် တိုးပွားရာသောကြောင့် 'အပရိဟာနိယ တရား' မည်၏။- ဟူလိုသော်။


mgyoe.com

mgyoe.com SAMPLE BOOK

၇- ဝတ္တိ

မလာသေးသော ရဟန်းသံဃာတို့အား လာချင်အောင်၊ လာပြီးသော ရဟန်းသံဃာတို့အား မွေ့လျော်အောင် စောင့်ရှောက်လုံခြုံစေခြင်းသည် 'ဝတ္တိ' မည်၏။

ရဟန်းတို့နေရာ ကျောင်း၏အနီးအပါး ဥယျာဉ်, ရေကန်များ၌ သားငါးတို့ကို မဖမ်းယူစေခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ ပြဿနာမေးခြင်း၊ တရားနာခြင်း၊ အရိပ်သင်္ချမ်း စီရင်ခြင်း- စသည်ကို ပြုလတ်သော် မလာသေးသော ရဟန်းသံဃာတို့လည်း လာကုန်၏။ လာပြီးသော ရဟန်းသံဃာတော်တို့လည်း မွေ့လျော်ကုန်၏။

ရဟန်းသံဃာတို့၏ အာနုဘော်ဖြင့် ထိုမြို့ ထိုရွာကို နတ်တို့ စောင့်ရှောက် ရကား ဘီလူးတို့ အခွင့်မရ၍ အဖျားအနာ မဖြစ်စေနိုင်ကုန်။ လူတို့ ဘေးရန် ကင်းကုန်၏။

ဤသို့ မလာသေးသော ရဟန်းသံဃာတို့အား လာချင်အောင်, လာပြီးသော ရဟန်းသံဃာတို့အား မွေ့လျော်အောင် စောင့်ရှောက်လုံခြုံစေခြင်း ဟူသော ဝတ္တိသည် စီးပွားချမ်းသာ မဆုတ်မယုတ် တိုးပွားရာသောကြောင့် 'အပရိဟာနိယ တရား' မည်၏။- ဟူလိုသော်။

အပရိဟာနိယတရား ၇ ပါး ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

## မင်းကျင့်တရား ၁၀ ပါး

ကမ္ဘာစဉ်ဆက် ဆင်းသက်၍ မင်းမြတ်မင်းတရားတို့ ကျင့်ဆောင်မြဲ ရာဇဓမ္မတရား ၁၀ ပါးကို ပြအံ့သောငှာ- ရာဇောဝါဒဇာတ်, ကုက္ကုဇာတ်, သုမင်္ဂလာဇာတ်, ဇနသန္ဓဇာတ်, ဂဏ္ဍာတိန္ဒုဇာတ်, စူဠဟံသဇာတ်, ရောဟဏဇာတ်, မဟာဟံသဇာတ်, မဟာသုတသောမဇာတ်* အစရှိသော များစွာသော ကျမ်းဂန်တို့၌-

'ဒါနံသီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိဉ္စ အဝိရောဓနံ။ ။
'ဣစ္စေ·တေ ကုသလေ ဓမ္မေ၊ ဌိတေ ပဿာမိ အတ္တနိ။
တတောမေ ဇာယတေပီတိ၊ သောမနဿဉ္စ·နပ္ပကံ။ ။'

-အစရှိသဖြင့် ဟောတော်မူသည်။

'ဒါနံ၊ အလှူပေးခြင်း။ သီလံ၊ ပဉ္စသီ,ဒသသီ ဆောက်တည်ခြင်း။ ပရိစ္စာဂံ၊ စွန့်ကြဲခြင်း။ အဇ္ဇဝံ၊ ဖြောင့်မတ်ခြင်း။ မဒ္ဒဝံ၊ နူးညံ့ခြင်း။ တပံ၊ ဥပုသ်ဆောက်တည်ခြင်း။ အက္ကောဓံ၊ အမျက်နည်းခြင်း။ အဝိဟိံသဉ္စ၊ မညှဉ်းဆဲခြင်း။ ခန္တိဉ္စ၊ သည်းခံခြင်း။ အဝိရောဓနံ၊ မဆန့်ကျင်ဘဲ လိုက်လျော၍ ကျင့်ခြင်း။

---

* ၅၅၀ ဇာတ်တော်စဉ်-၁၅၁, ၃၉၆, ၄၂၀, ၄၆၈, ၅၂၀, ၅၃၃, ၅၀၁, ၅၃၄, ၅၃၇။

mgyoe.com

'ဉာတိ၊ ဤသို့။ အတ္တနိ၊ မိမိကိုယ်၌။ ဋ္ဌိတော၊ တည်ကုန်သော။ ကုသလေ၊ အပြစ်မရှိကုန်သော။ ဓော ဓမ္မေ၊ ထို မင်းကျင့်တရား ၁၀ ပါးတို့ကို။ ပဿာမိ၊ မြင်၏။ တတော၊ ထို့ကြောင့်။ မေ၊ ငါ့အား။ ပီတိစ၊ နှစ်သက်ခြင်း သည် လည်းကောင်း။ အနပ္ပကာ၊ များစွာသော။ သောမနဿဥ္စ၊ ဝမ်းမြောက်ခြင်း သည် လည်းကောင်း။ ဇာယတေ၊ ဖြစ်၏။'

အပြစ်မရှိသော ဤမင်းကျင့်တရား ၁၀ ပါးတို့ကို မိမိကိုယ်၌ ရှုဆင်ခြင် ၍ မပြတ်သည်ကို မြင်သဖြင့် များစွာသော နှစ်သက်ဝမ်းမြောက်ခြင်း ပီတိ သောမနဿကို ပွားစေရာ၏။- ဟူလိုသည်။

**ဒါနာဒိသုတဗ္ဗတ္တကာ စေတနာဒါနံ၊ ပဥ္စသီလ ဒသသီလာ နိသီလံ၊ ဒေယျဓမ္မစာဂေါ ပရိစ္စာဂေါ၊ ဥဇုဘာဝေါ အဇ္ဇဝံ၊ မုဒုဘာဝေါ မဒ္ဒဝံ၊ ဥပေါသထ ကမ္မံတပေါ၊ မေတ္တာပုဗ္ဗဘာဂေါ အက္ကောဓော၊ ကရုဏာ ပုဗ္ဗ ဘာဂေါ အဝိဟိံသာ၊ အဓိဝါသနာ ခန္တိ၊ အဝိရောဓော အဝိရောဓ။**

-ဟူ၍ အသီတိနိပါတ် မဟာဟံသဇာတ်အဋ္ဌကထာ၌ ရာဇဓမ္မ ၁၀ ပါးတို့၏ သရုပ်အရကို ဖွင့်သည်။

'ဒါနာဒိသု၊ ဒါနစသော ၁၀ ပါးတို့တွင်

၁- တဗ္ဗတ္တကာ၊ ထိုဒါနဝတ္ထုကို လှူဒါန်းသဖြင့်ဖြစ်သော။ စေတနာ၊ စေတနာသည်။ ဒါနံ၊ 'ဒါန' မည်၏။

၂- ပဥ္စသီလ ဒသသီလာနိ၊ ပဥ္စသီ, ဒသသီတို့သည်။ သီလံ၊ 'သီလ' မည်၏။

၃- ဒေယျဓမ္မစာဂေါ၊ ပေးကမ်းဖွယ်ကို စွန့်ကြဲခြင်းသည်။ ပရိစ္စာဂေါ၊ 'ပရိစ္စာဂ' မည်၏။

၄- ဥဇုဘာဝေါ၊ ဖြောင့်မတ်သောအဖြစ်သည်။ အဇ္ဇဝံ၊ 'အဇ္ဇဝ' မည်၏။

၅- မုဒုဘာဝေါ၊ နူးညံ့သောအဖြစ်သည်။ မဒ္ဒဝံ၊ 'မဒ္ဒဝ' မည်၏။

mgyoe.com SAMPLE BOOK

၆- ဥပေါသထကမ္မံ၊ ဥပုသ်သီတင်းသုံးခြင်းသည်။ တပေါ၊ 'တပ' မည်၏။

၇- မေတ္တာပုဗ္ဗဘာဝေါ၊ မေတ္တာပြဋ္ဌာန်းသော အဖို့ရှိခြင်းသသည်။ အက္ကောဓော၊ 'အက္ကောဓ' မည်၏။

၈- ကရုဏာ ပုဗ္ဗဘာဂေါ၊ ကရုဏာပြဋ္ဌာန်းသောအဖို့ ရှိခြင်းသည်။ အဝိဟိံသာ၊ 'အဝိဟိံသ' မည်၏။

၉- အဓိဝါသနာ၊ သည်းခံခြင်းသည်။ ခန္တိ၊ 'ခန္တိ' မည်၏။

၁၀- အဝိရောဓော၊ မဆန့်ကျင်ခြင်းသည်။ အဝိရောဓနံ၊ 'အဝိရောဓန' မည်၏။ ။ ဤသို့ အဋ္ဌကထာ ဖွင့်သည်နှင့်အညီ၊

၁- အလှူပေးခြင်း စေတနာသည် 'ဒါန' မည်၏။

၂- ပဉ္စသီ,ဒသသီ ဆောက်တည်ခြင်း စေတနာသည် 'သီလ' မည်၏။

၃- စွန့်ကြဲပေးကမ်းခြင်းသည် 'ပရိစ္စာဂ' မည်၏။

၄- ဖြောင့်မတ်ခြင်းသည် 'အဇ္ဇဝ' မည်၏။

၅- နူးညံ့ခြင်းသည် 'မဒ္ဒဝ' မည်၏။

၆- ဥပုသ်သီတင်း စောင့်သုံးခြင်းသည် 'တပ' မည်၏။

၇- အမျက်မထွက်ခြင်း မေတ္တာသည် 'အကောဓ' မည်၏။

၈- မညှဉ်းဆဲခြင်း ကရုဏာသည် 'အဝိဟိံသ' မည်၏။

၉- သည်းခံခြင်းသည် 'ခန္တိ' မည်၏။

၁၀- မဆန့်ကျင်ဘဲ လိုက်လျောခြင်းသည် 'အဝိရောဓန' မည်၏။

* ပေးလှူခြင်း- 'ဒါန'နှင့် စွန့်ကြဲခြင်း- 'ပရိစ္စာဂ'၏ အထူးကား သံသရာကိုရည်၍ ပေးလှူခြင်းသည် 'ဒါန'။


mgyoe.com

mgyoe.com
SAMPLE BOOK

မှုးမတ်၊ ကလန်၊ သံပျင်၊ ကျေးကျွန်တို့အား အထိုက်အလိုက် ချီးမြှောက် စွန့်ကြဲပေးကမ်းခြင်းသည် 'ပရိစ္စာဂ' ဟူ၍ ထူးခြားသတည်း။

* သီလနှင့် ခြိုးခြံခြင်း-တပ၏ အထူးကား

ပဉ္စသီ၊ ဒသသီ ဆောက်တည်ခြင်းသည် 'သီလ'။

ဥပုသ်သီတင်းသုံးခြင်းသည် 'တပ' ဟူ၍ ထူးခြားသတည်း။

* အမျက်မထွက်ခြင်း- အကောဓနှင့် မညှဉ်းဆဲခြင်း- အဝိဟိံသ၏ အထူးကား

မေတ္တာ ရှေ့သွားရှိသောစိတ်ဖြင့် ချစ်မြတ်နိုးခြင်းသည် 'အက္ကောဓ'။

ဆင်းရဲသောသူတို့အား ကရုဏာ ရှေ့ထားသောစိတ်ဖြင့် သနားစုံမက်ခြင်းသည် 'အဝိဟိံသ'- ဟူ၍ ခြားနားသတည်း။

ဤသို့ တူမျှယောင်ရှိသော်လည်း အရမတူ ထူးခြားသောအဖြစ်ကို ယခင် အဋ္ဌကထာအဖွင့်အပြနှင့်အညီ သိရသတည်း။

ထို မင်းကျင့်တရား ၁၀ ပါးတို့၏အကျိုးကား ပစ္စုပ္ပန်၊ တမလွန် လောကီ၊ လောကုတ္တရာ စည်းစိမ်ချမ်းသာ နိဗ္ဗာန်တိုင်အောင် အကျိုးခပ်သိမ်းကို ပေးတတ်သည့်ချည်း။

။ ၁ ။

မျက်မှောက်ပစ္စုပ္ပန် 'ဒါန'၏ အကျိုးကား-

ပုဗ္ဗေဝ-ဒါနာ သုမနာ ဘဝါမ၊ ဒါနမ္ပိ ဝေ အတ္တမနာ ဘဝါမ။

ဒတွာပိဝေ နာ-နုတပ္ပါ ပစ္ဆာ၊ တသ္မာ ဟိ အမှံ့ ဒဟရာ နမိယရေ။ ။

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

'ပုဗ္ဗေဝ-ဒါနာ၊ မလျှုမီကပင်လျှင်။ သုမနာ၊ ဝမ်းမြောက်ကုန်သည်။ ဘဝါမ၊ ဖြစ်ကုန်၏။ ဒါနမ္ပိ၊ လှူဆဲကာလ၌လည်း ဝေ ဧကန္တေန၊ စင်စစ်အားဖြင့်။ အတ္တမနာ၊ ဝမ်းမြောက်ကုန်သည်။ ဘဝါမ၊ ဖြစ်ကုန်၏။ ဒတွာပိ၊ လှူပြီး၍လည်း။ ပစ္ဆာ၊ နောက်၌။ နာ-နုတပ္ပါ၊ မပူပန်ကုန်သည်။ ဘဝါမ၊ ဖြစ်ကုန်၏။ တသ္မာဟိ၊ ထိုသို့ စေတနာ ၃ တန် မချို့သဖြင့် အလှူပေးခြင်းကြောင့်လျှင်။ အမှံ၊ ငါတို့အား။ ဒဟရာ၊ ပျိုမျစ်ကုန်သော သူတို့သည်။ နမီယရေ၊ မသေကုန်။ ။'

ဓမ္မပါလဇာတ်[၁]

။ ၂ ။

'သီလ' ၏အကျိုးကား-

**ပါဏာတိပါတာ ဝိရမာမ သဗ္ဗေ၊ လောကေ အဒိန္နံ ပရိဝဇ္ဇယာမ။**

**အ-မဇ္ဇပါနာ န မုသာ ဘဏာမ၊ တသ္မာဟိ အမှံ ဒဟရာ နမီယရေ။ ။**

'သဗ္ဗေ၊ အလုံးစုံကုန်သော။ မယံ၊ ငါတို့သည်။ ပါဏာတိပါတာ၊ ပါဏာတိပါတ်မှ။ ဝိရမာမ၊ ကြဉ်ကုန်၏။ အဒိန္နံ၊ သူ မပေးသော ဥစ္စာကို။ ပရိဝဇ္ဇယာမ၊ ကြဉ်ကုန်၏။ အ-မဇ္ဇပါနာ၊ သေရည်သေရက်ကို မသောက်ကုန်။ မုသာ၊ ချွတ်ယွင်းသော စကားကို။ နဘဏာမ၊ မဆိုကုန်။ တသ္မာ ဟိ၊ ထိုသို့ သီလစောင့်ခြင်းကြောင့်လျှင်။ အမှံ၊ ငါတို့အား။ ဒဟရာ၊ ပျိုမျစ်ကုန်သော သူတို့သည်။ နမီယရေ၊ မသေကုန်။' ၄င်း

ဓမ္မပါလဇာတ်

ပဉ္စသီဆောက်တည်ခြင်းကြောင့် ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့၌ မိုးကောင်းစွာ ရွာ၍ တိုင်းပြည် ဝပြောသာယာကြောင်းကိုလည်း ကုရုဓမ္မဇာတ်[၂]၌ ဆိုသည်။

၁။ ၅၅၀ ဇာတ်တော်စဉ်-၄၄၇။
၂။ ၅၅၀ ဇာတ်တော်စဉ်-၂၇၆။

mgyoe.com

mgyoe.com
SAMPLE BOOK

॥ ၃ ॥

'ပရိဗ္ဗာဂ' အကျိုးကား-

'အဒန္တ·ဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထ·သာဓကံ။
ဒါနေန ပိယ·ဝါစာယ၊ ဥန္နမန္တိ နမန္တိစ။ ။'

'ဒါနံ၊ ပေးကမ်းစွန့်ကြဲခြင်းသည်။ အဒန္တ·ဒမနံ၊ မယဉ်ကျေးသေးသော သူကို ယဉ်ကျေးစေတတ်၏။ ဒါနံ၊ ပေးကမ်းစွန့်ကြဲခြင်းသည်။ သဗ္ဗတ္ထ·သာဓကံ၊ ခပ်သိမ်းသောအကျိုးကို ပြီးစေတတ်၏။ ဒါနေန၊ ပေးကမ်းစွန့်ကြဲခြင်းဖြင့် လည်းကောင်း။ ပိယ·ဝါစာယ၊ ချစ်ဖွယ်သောစကားဖြင့် လည်းကောင်း။ ဥန္နမန္တိစ၊ ဝမ်းမြောက်ဝမ်းသာလည်း ရှိကုန်၏။ နမန္တိစ၊ သူတစ်ပါးတို့လည်း ညွတ်လာကုန်၏။'

ဓမ္မပဒ

အစေအသုံးရသည့်ကာလ ဘဒ္ဒဝတီဆင်မအား ပေးကမ်းချီးမြှင့်၍၊ မရသည့်ကာလ ဥတေနမင်း နုတ်သိမ်းသည်တွင် 'ယင်းသို့ မနုတ်သိမ်းသင့်ကြောင်း' ကို ဒဠှဓမ္မဇာတ်[၁]၌ ဟောတော်မူသည်။

॥ ၄ ॥

'အဒ္ဓဝ' အကျိုးကား-

'ဆန္ဒာ ဒေါသာ ဘယာမောဟာ၊ ယော ဓမ္မံနာ·တိဝတ္တတိ။
အာပူရတိ တဿယသော၊ သုက္ကပ·က္ခေ·ဝစန္ဒိမာ။ ။'

'ဆန္ဒာ၊ ချစ်သဖြင့်။ ဒေါသာ၊ အမျက်ထွက်သဖြင့်။ ဘယာ၊ ကြောက်သဖြင့်။ မောဟာ၊ မှားယွင်းသဖြင့်။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားကို။ နာ·တိဝတ္တတိ၊ မလွန်ကျူး။ တဿ၊ ထိုသူအား။ သုက္က·ပက္ခေ၊ လဆန်းပက္ခ၌။

---

၁။ ၅၅၀ ဇာတ်တော်စဉ်-၄၀၉။

mgyoe.com

mgyoe.com SAMPLE BOOK

စန္ဒိမာ ဣဝ၊ ဆန်းသစ်သော လကွဲ့သို့။ ယသော၊ အခြံအရံ, အကျော်အစော သည်။ အာပူရတိ၊ တိုးပွားပြည့်စုံလေရာ၏။’

သိင်္ဂါလောဝါဒသုတ်

။ ၅ ။

‘မဒ္ဒဝ’ အကျိုးကား-

‘ပရိဘူတော မုဒုဟောတိ၊ အတိ တိက္ခောစ ဝေရဝါ။

တေဒွ ဥဘယံ ဥ တွာ၊ အနု မဇ္ဈံ သမာစရေ။ ။’

‘မုဒု၊ နူးညံ့လွန်းသော မင်းသည်။ ပရိဘူတော၊ သူ မထိမဲ့ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ အတိတိက္ခော၊ ကြမ်းလွန်းသော မင်းသည်။ ဝေရဝါ၊ ရန်များသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တေဒွဥဘယံ၊ ထို ၂ ပါးစုံသော အကြောင်းကိုလည်း။ ဥတွာ၊ သိ၍။ အနုမဇ္ဈံ၊ အလယ်ဖြစ်သော နူးညံ့ခြင်းကို။ သမာစရေ၊ ကောင်းစွာ ကျင့်ရာ၏။’

ယင်းသို့ကျင့်သော် ‘သူ မထိမဲ့မြင် မပြုခြင်း, ရန်မများခြင်း အကျိုးပြီးသည်။’- ဟူလို။

မဟာပဒုမဇာတ်[၁]

။ ၆ ။

‘တပ’ အကျိုးကား -

‘သီလ’၌ ဆိုပြီးသောအတိုင်း အသက်ရှည်ခြင်း စသော အကျိုးရှိသည်။ သိန်းခိုကျွန်း ဌောရမင်း, သဃ်ဗောဓိမင်း, မဟာဇနကမင်း, စကြာမင်းတို့ ထုံးစံများနှင့်အညီ၊ တစ်စုံတစ်ခုအမှုရှိလျှင် ဥပုသ်ဆောက်တည်၍ ဘုန်းသစ် နိုးသဖြင့် အမှုပြီးအောင် မိဋ္ဌာန်မြဲ ဖြစ်၏။

---

၁။ ၅၅၀ ဇာတ်တော်စဉ်-၄၇၂။

mgyoe.com

mgyoe.com

SAMPLE BOOK

။ ၇ ။

'အဋ္ဌောဓ' အကျိုးကား-

သုခံ သုပတိ သုခံ ပဋိဗုဇ္ဈတိ၊ နပါပကံ သုပိနံပဿတိ၊ မနုဿာနံ ပိယောဟောတိ၊ အမနုဿာနံ ပိယောဟောတိ၊ ဒေဝတာ ရက္ခန္တိ၊ နာ·ဿ အဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါ ကမတိ၊ တုဝဋံ စိတ္တံ သမာဓိယတိ၊ မုခဝဏ္ဏော ဝိပ္ပသီဒတိ၊ အသမ္မူဠ္ဟော ကာလံ ကရောတိ၊ ဥတ္တရိ အပ္ပဋိ ဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါဟောတိ။

၁- 'သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။

၂- သုခံ၊ ချမ်းသာစွာ။ ပဋိဗုဇ္ဈတိ၊ နိုးရ၏။

၃- ပါပကံသုပိနံ၊ မကောင်းသော အိပ်မက်ကို။ နပဿတိ၊ မမြင်ရ။

၄- မနုဿနံ၊ လူတို့သည်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။

၅- အမနုဿာနံ၊ နတ်ဘီလူးတို့သည်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။

၆- ဒေဝတာ၊ နတ်တို့သည်။ ရက္ခန္တိ၊ စောင်မ ကုန်၏။

၇- အဿ၊ ထိုမေတ္တာကို ပွားစေသောသူအား။ အဂ္ဂိဝါ၊ မီးသည် လည်းကောင်း။ ဝိသံဝါ၊ အဆိပ်သည် လည်းကောင်း။ သတ္ထံဝါ၊ လက်နက်သည် လည်းကောင်း။ နကမတိ၊ မရောက်နိုင်။

၈- တုဝဋံ၊ လျင်စွာ။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။

၉- မုခဝဏ္ဏော၊ မျက်နှာ အဆင်းအရေသည်။ ဝိပ္ပသီဒတိ၊ အထူးသဖြင့် ကြည်လင်၏။

၁၀- အသမ္မူဠ္ဟော၊ မတွေမဝေဘဲ။ ကာလံကရောတိ၊ သေလွန်ရ၏။

၁၁- ဥတ္တရိ၊ လွန်စွာ။ အပ္ပဋိဝိဇ္ဈန္တော၊ မသိနိုင်သည်ရှိသော်။ ဗြဟ္မ



mgyoe.com

mgyoe.com SAMPLE BOOK

လောကူပဂေါ၊ ဖြပ်ပွဲပြည်သို့ လားရသည်။ ဟောတိ၊ ဖြစ်၏။'- ဟူ၍ ၁၁ ပါး။

အင်္ဂုတ္တရနိကာယ်

॥ ၈ ॥

'အဝိဟိံသ' အကျိုးကား -

'မာတာတ ဣဿရော-မှိ-တိ၊ အနတ္ထာယ ပတာရယိ။
ဣတ္ထိနံ ပုရိသာနဉ္စ၊ မာတေအာသိ ဒုခုဒြယော။ ။
'အပေတ-လောမဟံသဿ၊ ရညောကာမာ-နုသာရိနော။
သဗ္ဗေဘောဂါ ဝိနဿန္တိ၊ ရညောတံ ဝုစ္စတေ အဃံ။ ။'

'တာတ၊ အရှင်မင်းမြတ်။ ဣဿရော၊ အစိုးရသည်။ အမှိ-တိ၊ ဖြစ်၏ ဟူ၍။ အနတ္ထာယ၊ စီးပွားမဲ့ခြင်းငှါ။ မာပတာရယိ၊ လုံ့လ မပြုလင့်။ တေ၊ သင်၏။ ဝိဇိတေ၊ နိုင်ငံ၌။ ဣတ္ထီနဉ္စ၊ မိန်းမတို့အား လည်းကောင်း။ ပုရိသာနဉ္စ၊ ယောကျ်ားတို့အား လည်းကောင်း။ ဒု ခုဒြယော၊ ဆင်းရဲခြင်း၏ အဖြစ်သည်။ မာအာသိ၊ မဖြစ်စေလင့်။

'အပေတ-လောမဟံသဿ၊ မကောင်းမှုမှ ကြက်သီးမွေးညင်း ထခြင်း ကင်းသော။ ကာမာ-နုသာရိနော၊ ကာမဂုဏ်သို့ လိုက်လေ့ရှိသော။ ရညော။ မင်းအား။ သဗ္ဗေဘောဂါ၊ ခပ်သိမ်းသော စည်းစိမ်တို့သည်။ ဝိနဿန္တိ၊ ပျက်စီး ကုန်ရာ၏။ တံ၊ ထိုသို့ ပျက်စီးခြင်းကို။ ရညော၊ မင်း၏။ အဃံ၊ ဆင်းရဲခြင်း ဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။'

ယင်းသို့ မပြုသော် ပျက်စီးဆင်းရဲခြင်း မရှိ။- ဟူလိုသည်။

တေသကုဏဇာတ်[၁]

---

၁။ ၅၅၀ ဇာတ်တော်စဉ်-၅၂၁။

mgyoe.com

mgyoe.com
SAMPLE BOOK

။ ၉ ။

'ခန္တီ' အကျိုးကား-

ပဉ္စိ-မေ ဘိက္ခဝေ အာနိသံသာ ခန္တိယာ၊ ကတမေပဉ္စ၊ ဗဟုနောဇနဿ ပိယောဟောတိ မနာပေါ၊ အဝေရ ဗဟုလော ဟောတိ အနဝဇ္ဇဗဟုလောစ၊ အသမ္မူဠ္ဌော ကာလံကရောတိ၊ ကာယဿ ဘေဒါ ပရံမရဏာသုဂတိံ သဂ္ဂံလောကံ ဥပပဇ္ဇတိ။ ဣမေခေါ ဘိက္ခဝေ ပဉ္စအာနိ သံသာ ခန္တိယာ။

'ဘိက္ခဝေ၊ ရဟန်းတို့။ ခန္တိယာ၊ သည်းခံခြင်း၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေပဉ္စ၊ ဤ ၅ ပါးတို့တည်း။ ကတမေပဉ္စ၊ အဘယ် ၅ ပါးတို့နည်းဟူမူ။

၁- ဗဟုနောဇနဿ၊ လူများအပေါင်းသည်။ ပိယော၊ ချစ်အပ်သည်။ မနာပေါ၊ နှစ်သက်အပ်သည်။ ဟောတိ၊ ဖြစ်၏။

၂- အဝေရဗဟုလောစ၊ ရန် မများသည်လည်း။ ဟောတိ၊ ဖြစ်၏။

၃- အနဝဇ္ဇဗဟုလောစ၊ အပြစ် မများသည်လည်း။ ဟောတိ၊ ဖြစ်၏။

၄- အသမ္မူဠ္ဌော၊ မတွေဝေသည်ဖြစ်၍။ ကာလံကရောတိ၊ သေလွန်ရ၏။

၅- ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ သုဂတိ၊ ကောင်းသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံလောကံ၊ နတ်ပြည်၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ခန္တိယာ၊ သည်းခံခြင်း၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေပဉ္စ၊ ဤ ၅ ပါးတို့တည်း။'

အင်္ဂုတ္တရနိကာယ်


mgyoe.com

mgyoe.com
SAMPLE BOOK

॥ ၁၀ ॥

'အဝိရောဓန' အကျိုးကား-

'ဝိဝါဒံဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။

သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါ-နုသာသနီ။ ॥'

'ဝိဝါဒံ၊ ခိုက်ရန်မှုခြင်းကို။ ဘယတော၊ ဘေးအားဖြင့်။ ဒိသွာ၊ ရှု၍။ အဝိဝါဒဉ္စ၊ ခိုက်ရန်မမှုခြင်းကိုလည်း။ ခေမတော၊ ချမ်းသာသောအားဖြင့်။ ဒိသွာ၊ ရှု၍။ သမဂ္ဂါ၊ ညီညွတ်ကုန်သည်။ သခိလာ၊ သင့်တင့်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ ဧသာ၊ ဤသည်ကား။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ အနုသာသနီ၊ အဆုံးအမတော်တည်း။'

အင်္ဂုတ္တရနိကာယ်

ငုံးငှက်ငယ်များလျက် သင့်တင့်ညီညွတ်သောအခါ ပိုက်ကွန်ကို ပစ်ခွာ၍ မုဆိုးလက်မှ လွတ်နိုင်ကြောင်းကိုလည်း ဝဋ္ဋကဇာတ်[၁]၌ ဟောတော်မူသည်။

ရာဇဓမ္မ ၁၀ ပါး ပြီး၏။

■

၁။ ၅၅၀ ဇာတ်တော်စဉ်-၃၉၄။

mgyoe.com

mgyoe.com SAMPLE BOOK 

## ရာဇဓမ္မကို မစောင့်သောအပြစ်

ဤသို့ဆိုခဲ့ပြီးသော သင်္ဂဟတရား ၄ ပါး, အပရိဟာနိယတရား ၇ ပါး, ရာဇဓမ္မတရား ၁၀ ပါး- အစရှိသော ရေမြေ့သနင်းမင်းတို့ ကျင့်ဆောင်မြဲ တရားစု၌ မတည်မစောင့်သော မင်းအား အပြစ်ရှိကြောင်းကို ပြအံ့သောငှါ-

'ယောစရာဇာ အဓမ္မဋ္ဌော၊ ရဋ္ဌဝိမံသနော မုဂေါ၊

တာပယိတွာ ဇနပဒံ၊ တာပနေ ပေစ္စ ပစ္စတိ။ ။'

'သောစ ဝဿသဟဿာနိ၊ သတံ ဒိဗ္ဗာနိပစ္စတိ၊

အစ္စိသင်္ဃပရေတောသော၊ ဒုက္ခံဝေဒေတိ ဝေဒနံ။ ။'

ဟူ၍ သံကိစ္စဇာတ်[၁]၌ ဟောတော်မူသည်။

'ယောစရာဇာ၊ အကြင်မင်းသည်ကား။ အဓမ္မဋ္ဌော၊ မင်းတို့ကျင့်သော တရား၌ မတည်။ ရဋ္ဌဝိမံသနော၊ တိုင်းနိုင်ငံကို ဖျက်ဆီး၏။ မုဂေါ၊ မလိမ္မာတတ်။ သောရာဇာ၊ ထိုမင်းသည်၊ ဇနပဒံ၊ တိုင်းနိုင်ငံ ဇနပုဒ်ကို။ တာပယိတွာ၊ ပူပန်စေ သောကြောင့်။ ပေစ္စ၊ တမလွန်ဘဝ၌။ တာပနေ၊ တာပနငရဲကြီး၌။ ပစ္စတိ၊ ကျက်ရ၏။

'သောစ၊ ထိုမင်းသည်ကား။ ဒိဗ္ဗာနိ၊ ပရိနိမ္မိတ, ဝသဝတ္တီနတ်တို့၏ အရေအတွက်ဖြစ်ကုန်သော။ သတံဝဿသဟဿာနိ၊ အနှစ် ၁ သိန်းတို့ပတ်လုံး။

---

၁။ ၅၅၀ ဇာတ်တော်စဉ်-၅၃၀။

mgyoe.com

mgyoe.com SAMPLE BOOK

ပစ္စတိ၊ ကျက်ရ၏။ သော၊ ထိုသို့သောမင်းသည်။ အစ္စိသဃ်ပရေတော၊ မီးလျှံအပေါင်း ခြံရံနိုပ်စက်အပ်သည် ဖြစ်၍။ ဒုက္ခံဝေဒနံ၊ ဆင်းရဲဝေဒနာကို။ ဝေဒေတိ၊ ခံရ၏။'

လူတို့နှစ် အရေအတွက် ၁၆၀၀ ပမာဏရှိသော- ပရနိမ္မိတ, ဝသဝတ္တိ နတ်တို့ရက်ဖြင့် ၃၀ သည် ၁ လ၊ ၁၂ လသည် ၁ နှစ်။ ယင်းသည့် နတ်တို့ နှစ်ဖြင့် ၁ သောင်း ၆ ထောင်သည် တာပနငရဲ၌ ၁ ရက်။ ထိုရက်ဖြင့် ၃၀ သည် ၁ လ၊ ၁၂ လသည် ၁ နှစ်။ ထိုသို့သော နှစ်ဖြင့် ၁ သောင်း ၆ ထောင်သော ကာလပတ်လုံး တာပနငရဲ၌ ခံရသည် ဟူလိုသည်။

တေမိဇာတ်[၁]တွင်လည်း အနှစ်၂၀ မျှ တရားနှင့်မညီ မင်းမူဖူးသောကြောင့် အနှစ် ၈ သောင်းတိုင်အောင် ဥဿဒ္ဒရက်ငရဲ၌ ဘုရားလောင်း ခံရကြောင်းကို ဆိုသည်။

ဤကား ရာဇဓမ္မကို မကျင့်သောအပြစ်တည်း။

## သာဓုတရား ၄ ပါး

'သာဓုတရား ၄ ပါး' ကို ပြအံ့သောငှါ-

**'သာဓုဓမ္မ-ရုစိရာဇာ၊ သာဓုပညာဏဝါ နရော။**

**သာဓုမိတ္တာနံ အဒုဗ္ဘော၊ ပါပဿာ-ကရဏံသုခံ။ ။'**

-ဟူ၍ ဥမ္မာဒန္တီဇာတ်[၂]၌ ဟောတော်မူသည်။

၁- 'ဓမ္မ-ရုစိ၊ တရားကို နှစ်သက်သော။ ရာဇာ၊ မင်းသည်။ သာဓု၊ အကျိုးခပ်သိမ်းကို ပြီးစီးစေတတ်ကောင်း၏။

၂- ပညာဏဝါ၊ ပညာရှိသော။ နရော၊ လူသည်။ သာဓု၊ ကောင်း၏။

၃- မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ အဒုဗ္ဘော၊ မပြစ်မှားခြင်းသည်၊

၁။ ၅၅၀ ဇာတ်တော်စဉ်-၅၃၈။ ဇာတ်တော်ကြီး ၁၀ ဘွဲ့ဝင်။
၂။ ၅၅၀ ဇာတ်တော်စဉ်-၅၂၇။

mgyoe.com

mgyoe.com SAMPLE BOOK

သာစု၊ ကောင်း၏။

၄- ပါပဿ၊ မကောင်းမှုကို။ အကရဏံ၊ မပြုခြင်းသည်။ သုခံ၊ ချမ်းသာစေတတ်ကောင်း၏။'

ဤကား- သာစုတရား ၄ ပါးတည်း။

## နသာစုတရား ၄ ပါး

'နသာစုတရား ၄ ပါး'ကို ပြအံ့သောငှာ-

**'အလသော ဂိဟီ ကာမဘောဂီ နသာဓု၊**

**အသညတော ပဗ္ဗဇိတော နသာဓု။**

**ရာဇာ နသာဓု အနိသမ္မကာရီ၊**

**ပဏ္ဍိတော ကောဓနော သော နသာဓု။ ။'**

-ဟူ၍ ရထလဋ္ဌိဇာတ်[၁]၌ ဟောတော်မူသည်။

၁- 'ကာမဘောဂီ၊ ကာမဂုဏ်ကို ခံစားသော။ ဂိဟီ၊ လူဖြစ်လျက်။ အလသော၊ ပျင်းရိမှု။ နသာဓု၊ အကျိုးခပ်သိမ်းကို မပြီးစေနိုင်-မကောင်း။

၂- ပဗ္ဗဇိတော၊ ရဟန်းဖြစ်လျက်၊ အသညတော၊ ကိုယ်, နှုတ်, နှလုံး မစောင့်စည်းမှု။ နသာဓု၊ မကောင်း။

၃- ရာဇာ၊ မင်းဖြစ်လျက်။ အနိသမ္မကာရီ၊ စုံစမ်းဆင်ခြင်၍ မပြုမှု။ နသာဓု၊ မကောင်း။

၄- ယော၊ အကြင်သူသည်။ ပဏ္ဍိတော၊ ပညာရှိဖြစ်လျက်။ ကောဓနော၊ အမျက်ကြီး၏။ သော၊ ထိုသူသည်။ နသာဓု၊ အကျိုးခပ်သိမ်းကို မပြီးစေနိုင်- မကောင်း။

---

၁။ ၅၅၀ ဇာတ်တော်စဉ်-၃၃၂။

mgyoe.com

mgyoe.com SAMPLE BOOK

ဤကား နသာဓုတရား ၄ ပါးတည်း။

## အကောဓတရား

'ရွာ၊ တော၊ ကုန်း၊ ကျင်း ခပ်သိမ်းသောအရပ်၊ ခပ်သိမ်းသောအမှု ဟူသမျှ၌ အမျက်မထွက်ဘဲ အမှုအားလျော်စွာ အကျိုးအပြစ်ကို အထိုက်အလိုက် စီရင်ရာ၏။'-ဟု အက္ကောဓတရားကို အထူးသဖြင့် ပြအပ်သောဌာ-

'ဂါမေဝါယဒိဝါ-ရညေ၊ နိန္နေဝါ ယဒိဝါ ထလေ။

သဗ္ဗတ္ထ-မနုသာသာမိ၊ မာသုကုၛ္ဈိရထေသဘ။ ။'

-ဟူ၍ အဝါရိယဇာတ်[၁]၌ ဟောတော်မူသည်။

'ရထေသဘ၊ ရထားစီးချင်း မင်းတကာတို့ထက်မြတ်သော အရှင်မင်းမြတ်။ ဂါမေဝါ၊ ရွာ၌မူလည်း ဖြစ်စေ။ ယဒိ၊ ထိုမြို့။ အရညေဝါ၊ တော၌မူလည်းဖြစ်စေ။ နိန္နေဝါ၊ ကျင်း၌မူလည် ဖြစ်စေ။ ယဒိ၊ ထိုမြို့။ ထလေဝါ၊ ကုန်း၌မူလည်း ဖြစ်စေ။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်၊ ခပ်သိမ်းသော အမှုကြီးငယ်၌။ အနုသာသာမိ၊ ဆုံးမ၏။ မာသုကုၛ္ဈိ၊ အမျက်ပြင်းစွာ မထွက်လင့်။ ။'

ဤကား- 'အက္ကောဓတရား' အထူးတည်း။

ဤသို့ စသဖြင့် ၈ သောင်း ၄ ထောင်နက်သော မဟာသမုဒ္ဒရာက ရတနာ ၉ ပါး၊ ၁၀ ပါးတို့ကို ထုတ်ဆယ်၍ မကုန်နိုင်ရာသကဲ့သို့၊ ဓမ္မက္ခန္ဓာ ၈ သောင်း ၄ ထောင်ရှိသော ပိဋကတ် ၃ ပုံက ရာဇဓမ္မ ၁၀ ပါး စသော ထုံးစံဥပဒေ ဓမ္မောပဒေသစကားကို ထုတ်ဆောင်၍ မကုန်နိုင်ရာသောကြောင့် လက်ဆုပ်လက်ကိုင် နှုတ်တက်အာဂုံ လေ့လာမှတ်သားရုံ အကျဉ်းအမြွက်မျှသာ ထုတ်နုတ် ရေးသားထားသတည်း။

**ပကိဏ္ဏက ရာဇဓမ္မ ပြီး၏။**

■

---

၁။ ၅၅၀ ဇာတ်တော်စဉ်-၃၇၆။

mgyoe.com

## သက်တော်ရှည်ကြောင်းများ

သက်တော်ရှည်ရာသော အကြောင်းတရားစုကို ပြအံ့သောငှာ-

'ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ အာယုဿာ၊ ကတမေပဉ္စ၊ သပ္ပါယ ကာရီဟောတိ၊ သပ္ပါယေစ မတ္တံဇာနာတိ၊ ပရိဏတဘောဇီ ဟောတိ ကာလစာရီ ဗြဟ္မစာရီ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စဓမ္မာ အာယုဿာ။'

-ဟူ၍ အင်္ဂုတ္တရ ပဉ္စကနိပါတ်၌ ဟောတော်မူသည်။

'ဘိက္ခဝေ၊ ရဟန်းတို့။ အာယုဿာ၊ အသက်ရှည်ခြင်းကို ဖြစ်စေတတ်ကုန် သော။ ဓမ္မာ၊ အကြောင်းတရားတို့သည်။ ဣမေပဉ္စ၊ ဤ ၅ ပါးတို့တည်း။ ကတမေပဉ္စ၊ အဘယ် ၅ ပါးတို့နည်း ဟူမူကား။

၁- သပ္ပါယကာရီ၊ သင့်တင့် လျောက်ပတ်သည်ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၂- သပ္ပါယေစ။ သင့်တင့် လျောက်ပတ်သည်၌လည်း။ မတ္တံ၊ အတိုင်းအရှည်ကို။ ဇာနာတိ၊ သိတတ်၏။

၃- ပရိဏတဘောဇီ၊ ဆေးဝါးဖြင့် ကျေနပ်သောအစာ ရှိသည်။ ဟောတိ၊ ဖြစ်၏။

၄- ကာလစာရီ၊ အချိန်အခါ ဟုတ်သည်၌သာ သွားလာလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၅- ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။



mgyoe.com